“နအ ဖ လက်ချက် လယ်တကွက် မျက်ရည်တစက်”

မာတိကာ

၁။ နိဒါန်း
၁၊၁။ နောက်ခံသမိုင်း
၁၊၂။ သုတေသနပြုလုပ်ခြင်း၏ရည်ရွယ်ချက်
၁၊၃။ အချက်အလက်စုဆောင်းခြင်း
၁၊၄။ လက်ရှိအခြေအနေ၏ဖော်ပြချက်

၂။ သင်ဇရိယာ၏ စစ်တပ်အခြေအနေ
၂၊၁။ စစ်တပ်၏လက်ရှိအခြေအနေ
၂၊၂။ မြေယာသိမ်းဆည်ခြင်း
၂၊၃။ ဘယ်လောက်လယ်ယာမြေသိမ်းဆည်းခံရသလဲ၊ ဘယ်တပ်ရင်းအမှတ်သိမ်းဆည်းထားသလဲ၊ (အမည်နှင့်တကွဖော်ပြပါ)။
၂၊၄။ သင်ဇရိယာ၏ လယ်သမား လက်ရှိအခြေအနေ
၂၊၄၊၁။ နေရာပြောင်းရွှေ့ခြင်း
၂၊၄၊၂။ အတင်းအဓမ္မအလုပ်အားစေခိုင်းမှု
၂၊၅။ အမျိုးသမီးအမျိုးသားနှင့် ခလေးများ၏အခြေအနေ
၂၊၅၊၁။ မုဒိမ်းကျင့်မှု
၂၊၅၊၂။ ပညာရေးထိခိုက်ခြင်း
၂၊၆။ ဒေသခံလူ့အဖွဲ့အစည်း၏ ဆိုးကျိုးရလာဒ်များ
၂၊၇။ အခြားသောအကြောင်းအရာများ
၂၊၇၊၁။ ဂိတ်များတိုးလာခြင်း
၂၊၇၊၂။ အုတ်ဖုတ်ခြင်း
၂၊၇၊၃။ ပေါ်တာဆွဲခေါ်ခြင်း

၃။ စီးပွားရေးအခြေအနေဘယ်လိုရှိသလဲ
၃၊၁။ သစ်ထုတ်လုပ်ရေး
၃၊၂။ သယံဇာတဆုံးရှုံးခြင်း
၃၊၃။ ထုတ်လုပ်မှုများ
၃၊၄။ သဘာဝပတ်ဝန်းကျင်ထိခိုက်စေခြင်း
၃၊၅။ ဆိုးကျိုးရလာဒ်များ
၃၊၆။ တောရိုင်းတိရိစ္ဆာန်တို့၏ အခြေအနေ

၄။ ဘာအကောက်ခွန်ကြေးများ တရားမဝင်ပေးဆောင်နေရသလဲ
၄၊၁။ တရားမဝင်အခွန်ကောက်ခြင်းနှင့်ဆင်းရဲမွဲတေခြင်း
၄၊၂။ စားဝတ်နေရေးအခြေအနေ
၄၊၃။ ယာဉ်ကျေးမှုဆုံးရှုံးခြင်း

၅။ နိဂုံး
၆။ အကြံပြုချက်

၇။ အဖြစ်အပျက်များ
၈။ ဓါတ်ပုံ
၉။ နောက်ဆက်တွဲ (မြေပုံ)
၁၀။ အင်တာဗျူးဇယား

Acronyms:

နအဖ	–	နိုင်ငံတော်အေချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ခလရ	–	ခြေလျင်တပ်ရင်း
အမတ	–	အမြောက်တပ်
စကခ	–	စစ်ရေးဆိုင်ရာကွပ်ကဲရေးဌာနချုပ်
ခမတ	–	ခြေမြန်တပ်ရင်း

၁။ နိဒါန်း

၁၊၁။ နောက်ခံသမိုင်း

မွန်ပြည်နယ်သည် မြန်မာပြည်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၎င်းသည် မြန်မာပြည်၏ တောင်ဘက်ပိုင်းတွင် တည်ရှိသည်။ မွန်ပြည်နယ်၏ အိမ်နီးချင်းများမှာ ကရင်ပြည်နယ်၊ တနသာရီတိုင်း၊ ထိုင်းနိုင်ငံနှင့် အက်ဒိမာန်ပင်လယ်မှ ဝန်းရံထားသည်။ အကျယ်အဝန်းအားဖြင့် မွန်ပြည်နယ်သည် စတုရန်းမိုင် ၄၁၄၇ ကျော် ကျယ်ဝန်းပြီး လူဦးရေ (၂) သန်းကျော် နေထိုင်လျက်ရှိသည်။ မွန်ပြည်နယ်အတွင်း၌ မွန်လူမျိုးအများဆုံး နေထိုင်လျက်ရှိပြီး အခြားသော တိုင်းရင်းသားများမှာ ကရင်၊ ပအို့နှင့် ဗမာတို့လည်း နေထိုင်လျက်ရှိသည်။ ထိုအတူ မွန်လူမျိုးတို့မှာလည်း ကရင်ပြည်နယ်တွင်းရှိဘားအံ၊ ကော့ကရိတ်နှင့်ကြာအင်းဆိပ်ကြီး မြို့နယ်များ၏ ချောင်းရိုးနှင့် မြစ်ကမ်းတလျှောက်တွင် ငါး၊ ပုဇွန်ဖမ်းခြင်း၊ လယ်ယာမွေးမြူရေးလုပ်ငန်း၊ အသီးအနှံပင်များ စိုက်ပျိုးခြင်းဖြင့် နေထိုင်စားသောက်ကြသည်။ မြန်မာနိုင်ငံ၏ မြို့တော်ရန်ကုန်နှင့် မနီးမဝေးရှိ ပဲခူးတိုင်းနှင့် မြန်မာနိုင်ငံ၏တောင်ဘက် အစွန်းဖြစ်သော တနသာရီတိုင်း ရေဖြူမြို့နယ်တို့တွင်လည်း အများအပြားနေထိုင်လျက်ရှိသည်။ မွန်ပြည်နယ်တွင် (၁၀) မြို့နယ်ပြီး မော်လမြိုင်ခရိုင် နှင့် သထုံခရိုင် ခရိုင် (၂) ခရိုင် ခွဲထားပါသည်။ မွန်ပြည်နယ်၏ မြို့တော်မှာ မော်လမြိုင်မြို့ဖြစ်သည်။ အခြားသော မြို့နယ်များမှာ ရေး၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ချောင်းဆုံ၊ မုဒုံ၊ ဘီးလင်း၊ သထုံ၊ ကျိုက်ထိုတို့ဖြစ်ကြသည်။ လမ်းပမ်းဆက်သွယ်ရေးမှာလည်း ရေလမ်းကြောင်း လေလမ်းကြောင်းနှင့် ကုန်လမ်းကြောင်းများဖြစ်ကြသည်။

မွန်ပြည်နယ်အတွင်းရှိ ရေးမြို့နယ်သည် သဘာဝ သယံဇာတ ပေါများကြွယ်ဝသော ပြည်နယ်ဖြစ်သည်။ ၎င်းသဘာဝသယံဇာတများမှာ စပါး၊ ရော်ဘာ၊ ကွမ်းသီး၊ ဒူးရင်း၊ မင်းဂွတ်၊ ကြက်မောက်၊ ကျွဲကောာ၊ သံပရာ စသော သစ်သီးဝလံများနှင့် ပင်လယ်အစားအစာများမှာ ပုဇွန်၊ ငါး၊ ငါးခြောက် ဖြစ်သည်။ ဤသဘာဝသယံဇာတများသည် ကျွန်ုပ်တို့ မွန်ပြည်သူလူထုအတွက် အလွန်အသုံးဝင်ပြီး အကျိုးသက်ရောက်မှုရှိပါသည်။ ဘာသာရေးဘက် ကြည့်မယ်ဆိုရင် မွန်လူမျိုး ရာခိုင်နှုန်း အတော်များများ ဗုဒ္ဓဘာသာများဖြစ်ကြပြီး အနည်းငယ်မျှသာ ခရစ်ယာန်ဘာသာဝင် များဖြစ်ကြသည်။

၁၊၂။ သုတေသနပြုလုပ်ခြင်း၏ရည်ရွယ်ချက်

ဤသုတေသနပြုလုပ်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ

၁။စစ်အစိုးရတို့သည် ဒေသခံပြည်သူလူထုတို့၏ လယ်ယာခြံမြေများကို အတင်းအဓမ္မ မတရားသိမ်းဆည်းပြီး ဒုက္ခအမျိုးမျိုးနှင့် ခံစားနေရသော ပြည်သူလူထုတို့၏ ခံစားချက်ကို တင်ပြရန်။

၂။မွန်ပြည်နယ်ရှိ ပြည်သူလူထုများ၏ လယ်မြေများကို လက်ရှိ စစ်အစိုးရတို့ သိမ်းဆည်းထားသော လယ်ယာခြံမြေများကို ဖော်ထုတ်ပြီး ရရှိလာသော အချက်လက်များကို အစိုးရမဟုတ်သော အဖွဲ့စည်းများ (NGO) နှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ တင်ပြရန်။

အနာဂတ်တွင်နိုင်ငံတကာ၏ အကူညီဖြင့် စစ်အစိုးရတို့၏ လုပ်ရပ်များကို လျော့နည်းလာစေရန်နှင့် ဖိအားပေးနိုင်ရန် ရည်ရွယ်ပါသည်။

၁၃။ အချက်အလက်စုဆောင်းခြင်း

ဤသုသေတနစာတမ်းသည် ကျွန်ုပ်တို့ရေးသား ဖော်ပြထားသော အချက်အလက်များ အားလုံးသည် အမှန်တကယ် လယ်ယာခြံ သိမ်းဆည်းခံရသောသူများ အတင်းအဓမ္မ အလုပ်အားခိုင်းစေခံရသောသူများ၊ ပေါ်တာဆွဲခံခဲ့ရသောသူများနှင့် နေရာပြောင်းရွှေ့ခံရသော သူများကို ကျွန်ုပ်တို့ကိုယ်တိုင် တွေ့ဆုံမေးမြန်းထားချက်များကို ဖော်ပြထားခြင်းဖြစ်သည်။

လယ်ယာမြေခြံ သိမ်းဆည်းခံရခဲ့သော သူများသည် ထိုင်းမြန်မာနယ်စပ်သို့ ပြောင်းရွှေ့နေထိုင်ကြ သူများကိုလည်း ထပ်မံမေးမြန်းခဲ့ပါသည်။

၂၀၀၀ ခုနှစ် မှ ၂၀၀၅ခုနှစ်အထိ အဖြစ်အပျက်များကို အဓိကထား၍ အချက်အလက်များကို စုဆောင်းခဲ့ပါသည်။ ယင်းအချက်အလက်များကို လယ်ယာမြေပိုင်ရှင်များ၊ တဆင့်ခံသူများနှင့် Sangkhlaburi အခြေစိုက် သတင်းစာဆရာများကိုလည်း မေးမြန်းခဲ့ပါသည်။

ယခု ထုတ်ဝေသော အစီရင်ခံစာသည် လယ်ယာခြံမြေ အသိမ်းခံရမှုများသာ အဓိကထားပြီး ပြုစုထားသော်လည်း အတင်းအဓမ္မလုပ်အားစေခိုင်းမှုများ၊ အခွန်ကောက်ခံမှုများ၊ ပြည်သူများ၏ လှုပ်ရှားမှုကို ကန့်သတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာချိုးဖောက်မှုများ စသည့် ကိစ္စရပ်များကိုလည်း မှတ်တမ်းတင်ပြုစုထားပါသည်။

ထို့ကြောင့် ၂၀၀၀ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ လယ်ယာမြေ သိမ်းဆည်းခံရသော ပုဂိုလ်များကို အဓိကထားပြီး အင်တာဗျူးလုပ်ခြင်း၊ ခါတ်ပုံရိုက်ခြင်း၊ စာရွက်စာတမ်း အထောက်အထားယူခြင်းများကို ပြုလုပ်နိုင်ခဲ့ပါသည်။ အသိမ်းဆည်းခံရသော လယ်ယာမြေပမာဏ သိရှိရန်အတွက် မြေယာသိမ်းဆည်းခံရသောခြံ၊ မြေမဲ့ဒုက္ခသည် (၁၂) ယောက်ကို မေမြန်းခဲ့ပါသည်။ ထိုသူတို့မှာ ပြည်တွင်း (၄)ယောက်၊ မွန်ပြည်သစ်ပါတီ ထိမ်းချုပ်ထားသည့် ရေးချောင်းဖျားဒေသ (၅)ယောက် ဒုက္ခသည် (၃) ယောက်တို့ ဖြစ်သည်။

ဤအချက်အလက်ကိုရရှိရန်အတွက် အခက်အခဲများကြာထဲက ပါးနပ်စွာ လှုပ်ရှားပြီး အချက်အလက်များကို စုဆောင်းခဲ့ရပါသည်။

၁၄။ လက်ရှိအခြေအနေ၏ဖော်ပြချက်

ယခုလက်ရှိ မွန်ပြည်နယ်တွင် နဟ ဖ စစ်တပ် (၂) ဆ တိုးလာသည်။ ဤသို့ တိုးလာခြင်းကြောင့် မွန်ပြည်နယ်အတွင်းရှိ လယ်ယာခြံမြေများကို ၎င်းတို့၏ တပ်တည်ဆောက်ရန်နှင့် စစ်တပ်စားနပ်ရိက္ခာအတွက် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးအတွက်ရင်း အတင်းအဓမ္မ သိမ်းဆည်းခဲ့သည်။ ထိုသို့သိမ်းဆည်းထားသော လယ်ယာမြေများကို စစ်တပ်မိသားစုများအတွက် ခွဲဝေပေးခဲ့သည်။ စစ်တပ်မိသားစုက ၎င်းရထားသောမြေကို ရွာသားများကို ပြန်လည်ရောင်းစားပေးသည်။ အချို့တွင် စစ်တပ်မိသားစုများက "ကျမရထားတဲ့ခြံက သူများထက် ပိုပြီးမြေသြဇာကောင်းတယ်"ဟု အသိမ်းဆည်းခံခဲ့ရသော လယ်ယာခြံပိုင်ရှင်များ အရှေ့တွင် ကြွားဝါးနေသေးသည်။ ဒေသခံပြည်သူများ လယ်ယာမြေ အများအပြား အသိမ်းဆည်းခံရသောကြောင့် မွန်ပြည်နယ်အတွင်းရှိ ရွာသားများသည်၊ ဝင်ငွေနည်းသထက် နည်းလာသည်ကို တွေ့ရပါသည်။ ဘာကြောင့်လဲဆိုတော မိမိပိုင်လယ်ယာခြံများ အသိမ်းဆည်းခံခဲ့ရ၍ ပြန်လည်စိုက်ပျိုးဖို့ နေရာမရှိသောကြောင့် ဖြစ်သည်။ ပညာရေးဘက်ကို ကြည့်မည်ဆိုလျှင် လက်ရှိအခြေအနေ၌ မွန်အမျိုးသား စာသင်ကျောင်းများကို နဟ ဖ အုပ်ချုပ်သူများက အတင်းအဓမ္မရွှေ့ခိုင်းပြီး ၎င်းမြေများကို နဟ ဖ တို့၏ စုပေါင်းရုံးအဖြစ် ဆောက်လုပ်ကြသည်။

သွားလာရေးမှာလည်း ဂိတ်များ၊ စစ်ဆေးမှုများ၊ ပိုက်ဆံတောင်းသူများ၊ နေရာတိုင်းမှာ အစစ်ဆေးမှုပိုမိုများပြားလာသောကြောင့် လွတ်လွတ်လပ်လပ် သွားလာမှုမရှိပဲ ထိန်းချုပ်မှုအောက်တွင် သွားလာနေရသည်။

၂။ သင်ဇရိယာ၏စစ်တပ်အခြေခံ

၂၁။ စစ်အစိုးရ၏လက်ရှိ အခြေအနေ

မွန်ပြည်နယ် ရေးမြို့နယ်၏ အခြေအနေသည် ၁၉၉၅ မတိုင်ခင်က မွန်ပြည်သစ်ပါတီ နှင့် နအဖ ပစ်ခတ်နေသည့်အချိန်တွင် ရေးမြို့နယ်သည် နအဖ စစ်တပ် သွားလာရေး လွတ်လွတ်လပ်လပ်မရှိပဲ လူ့အခွင်းအရေးချိုးဖောက်မှု၊ အတင်းအဓမ္မအလုပ်အားပေးခိုင်းစေမှု၊ မုဒိမ်းကျင့်မှု၊ အတင်းအဓမ္မ နေရာပြောင်းရွှေ့မှု၊ လယ်ယာခြံမြေများ အတင်းအဓမ္မသိမ်းဆည်းခြင်း စသော ချိုးဖောက်မှုများကို အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့ပြီး ထင်သလိုမပြုလုပ်နိုင်ခဲ့ပေ။ ၁၉၉၅ ငြိမ်းချမ်းရေး ယူပြီးနောက်ပိုင်း နအဖ က အခွင့်ကောင်းယူပြီး ၁၉၉၈ အစောပိုင်းကာလတွင်စ၍ မွန်ပြည်နယ်တွင်းရှိ လယ်ယာမြေများကို မော်လမြိုင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်က အကြောင်းပြချက် အမျိုးမျိုးပြပြီး အတင်းအဓမ္မဖြင့် သိမ်းဆည်းရန် အမိန့်ထုတ်လိုက်သည်။ လယ်ယာမြေ သိမ်းဆည်းပြီးသည်နှင့် တပြိုင်နက်မှာပင် မွန်ပြည်သူလူထု ရွာသားများကို အတင်းအဓမ္မ အလုပ်စေခိုင်းခြင်း၊ တပ်စခန်းတည်ဆောက်စေခြင်း၊ အုတ်ဖုတ်ခြင်း၊ ပေါ်တာဆွဲခေါ်ခြင်း၊ မုဒိမ်းကျင့်ခြင်း စသောပြစ်မှုများကို နအဖစစ်တပ်က အကြိမ်ပေါင်းမြောက်များစွာ ချိုးဖောက်ခဲ့သည်။ ထိုသို့သာမက သွားလာရေးမှာလည်း လွပ်လပ်မှုမရှိပဲ စစ်ဆေးမေးမြန်းခြင်းကို အကြိမ်ကြိမ်ဖန်ဖန် ခံနေရသည်။ ၁၉၉၈ ကစပြီး ၂၀၀၅အထိ ရေးမြို့နယ်ဒေသတဝိုက်တွင် စစ်တပ် (၁၀) ထပ်တိုးလာသည်။ ၎င်းတို့မှာ ခြေမြန်တပ်ရင်းအမှတ် (၅၈၃)၊ (၅၈၄) ၊ (၅၈၅)၊ (၅၈၆)၊ (၅၈၇)၊ (၅၈၈)၊ (၅၈၉)၊ (၅၉၀)၊ (၅၉၁) နှင့် အမတ (အမြောက်တပ်) (၃၁၇) တို့ဖြစ်ပြီး ရေးမြို့နယ်ဒေသ၏ နေရာအနှံ့အပြားတွင် နေရာယူထားသည်။

၂၂။ လယ်ယာခြံမြေသိမ်းဆည်းခြင်း

လယ်ယာခြံမြေ သိမ်းဆည်းခြင်းသည် မွန်ပြည်သစ်ပါတီနဲ့ နအဖ ၁၉၉၅ ခုနှစ် ငြိမ်းချမ်းရေးယူပြီး နောက်ပိုင်းတွင် နအဖ စစ်အစိုးရက အခွင့်ကောင်းယူပြီး မွန်ပြည်နယ်တွင်းရှိ လယ်ယာမြေများကို ၁၉၉၇ အနောင်းပိုင်းကာလ နှင့် ၁၉၉၈အစောပိုင်း ကာလမှစ၍ လယ်ယာမြေများကို စတင်သိမ်းဆည်းလာခဲ့သည်။ ၁၉၉၈ ခုနှစ်အတွင်းတွင် နအဖ စစ်တပ်က သိမ်းဆည်းထားသည့် လယ်ယာမြေ ဧကပေါင်း ၃၀၀၀ ကျော်သည်။ ယင်းသိမ်းဆည်းခံရသော လယ်ယာခြံမြေများမှာ ကွမ်းသီးခြံ၊ သစ်သီးခြံ၊ ရော်ဘာခြံ၊ လယ်ယာများဖြစ်သည်။ ဤမြေများသည် နအဖ စစ်တပ်တည်ဆောက်ခြင်း တစ်ခုထဲသာမက နအဖ စစ်တပ်တွင်းရှိ စစ်သားများ၏ စာနပ်ရိက္ခာအတွက် ဟင်းသီးဟင်းရွက် စသောအသီးနှံပင်များကို စိုက်ပျိုးရန်အတွက်လည်းဖြစ်သည်။

၁၉၉၉ ခုနှစ်တွင် ရေးမြို့နယရှိ လယ်ယာမြေ ဧက (၁၀၀၀) ကျော်ကို နအဖ တို့က သိမ်းဆည်းခဲ့ပြန်သည်။ ၁၉၉၉ ခုနှစ် မေလ အစောပိုင်းကာလတွင် ရေးမြို့နယ်တောင်ဘက်တွင်ရှိသည့် လယ်ယာမြေ ဧက (၅၀၀) ကျော်ကို ခြေလျှင်တပ်ရင်း အမှတ် (၆၁) က သိမ်းဆည်းခဲ့သည်။ ဤသိမ်းဆည်းခြင်းသည် စစ်တပ် အသစ်ခြေမြန်တပ်ရင်း၊ အမှတ် (၂၉၉) တည်ဆောက်ရန်အတွက်ဖြစ်သည်။

၂၀၀၀ ခုနှစ်မှာလည်း လယ်ယာမြေ ဧက (၁၀၀) ကျော် သိမ်းဆည်းခဲ့ပြန်သည်။ ယင်းသိမ်းဆည်းခြင်း၏ အကြောင်းအရင်းမှာ ရတနာ ဓါတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရန်နှင့် ရတနာ ဓါတ်ငွေ့ပိုက်လိုင်း ဖြတ်ကျော်ဖို့အတွက် သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။ ရတနာ ဓါတ်ငွေ့ပိုက်လိုင်း တည်ဆောက်ချိန်တွင် ဓါတ်ငွေ့ပိုက်လိုင်း ဖြတ်ကျော်သည့်လမ်းတလျှောက်မှ အိမ်ပေါင်းမြောက်များစွာ အပြောင်းရွှေ့ခံခဲ့ရသည်။ ထိုသို့သာမက ဓါတ်ငွေ့တည်ဆောက်ပြီး အချိန်မှစ၍ အကြိမ်ပေါင်းများစွာ ဓါတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲခြင်း အန္တရာယ်ကို ရွာသားများက ဆိုးရွားစွာ တွေ့ကြုံနေရသည်။ ဓါတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲသည့်နေရာမှာ လမိုင်းမြို့၊ ရေးမြို့နယ် (နှစ်ကရင်ကျေးရွာ နှင့် အနင်ကျေးရွာကြား)၊ မုဒုံမြို့နယ် (ရောင်ဒေါင်းနှင့် ကွမ်လှာအကြား)၊

စသည့်နေရာများ ခါတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲအချိန်တွင် လူအနည်းငယ် ဒဏ်ရာရခြင်း၊ ထိန်လန့်ခြင်း ဘေးအွန္တရာယ်များနှင့်သာ ကြုံတွေ့ခဲ့ရပါသည်။

၂၀၀၁ ခုနှစ်အတွင်း စစ်တပ်တိုးချဲ့ခြင်းကြောင့် ရေးမြို့နယ်ရှိ ့လယ်ယာမြေ ဧက (၂၀၀၀) ကျော်ကို ထပ်မံသိမ်းဆည်းခဲ့ခြင်းဖြစ်သည်။ ရေးမြို့နယ်ရှိ ဂျပန်လက်ထက်မှ ပြုလုပ်ခဲ့သော လေယာဉ်ပျံကွင်းကို နအဖ က ပြန်လည်းအသစ်ပြုပြင်ရန်အတွက် လယ်ယာမြေကို သိမ်းဆည်းလိုက်ဟု အကြောင်းပြသည်။ အဓိက အဖြစ်အပျက်မှာ လေယာဉ်ကွင်း ဘေနားတွင်ရှိသော ရော်ဘာခြံ၊ ကွမ်းသီးခြံ၊ သစ်သီးခြံနှင့် စသော အသီးအနှံခြံများကိုရယူလိုရ်ခြင်း သိမ်းဆည်းခြင်းကြောင့်ဖြစ်သည်။

ပြီးနောက် ၂၀၀၂ မှာလည်း ရေးမြို့နယ်မြောက်ပိုင်း တဝိုက်တွင်ရှိသော လယ်ယာမြေ ဧကပေါင်း (၁၀၀၀) ကျော် သိမ်းဆည်းခဲ့ပြန်သည်။ ခြေလျှင်တပ်ရင်းအမှတ် (၅၈၆) မှ ရေးမြို့နယ်မှာရှိသည့် စုံနှံသာရွာ၊ စံပြကျေးရွာနှင့် ဒုံဖီးကျေးရွာ၏ လယ်ယာမြေများကိုလည်း ဧကပေါင်း (၅၀၀) လုနီးပါး သိမ်းဆည်းခဲ့ပြန်သည်။

၂၀၀၃ ခုနှစ်မှာလည်း လယ်ယာမြေမြောက်များစွာ သိမ်းဆည်းခဲ့သည်။ ယင်းသိမ်းဆည်းခြင်းသည် စစ်တပ်တည်ဆောက်ခြင်း၊ စစ်တန်းလျှား တည်ဆောက်ခြင်း နှင့် စစ်တပ်စိုက်ပျိုးရေးအတွက် မြေလွတ်မြေရိုင်းများကို သိမ်ဆည်းခြင်းဖြစ်သည်။ ၂၀၀၄ နှင့် ၂၀၀၅ ခုနစ်မှာလည်း ရေမြို့နယ်မြောက်ပိုင်း ဒူးရားရွာ၏ ဇလိန်တောင်ကြီးတလုံးကို စကခ (စစ်ရေးဆိုင်ရာကွပ်ကဲရေးဌာနချုပ်) အမှတ် (၁၉) ဗိုလ်ချုပ်ရဲဝင်းက ဦးဆောင်ပြီး တောင်ပေါ်တွင် အမြောက်တပ်များ တည်ဆောက်ခြင်းဖြစ်သည်။ ထိုအတွက် သိမ်းဆည်းထားသည့် လယ်ယာမြေ ဧကပေါင်းမှာ ၂၀၀ ကျော်ဖြစ်သည်။ ၎င်းမြေသည် ရော်ဘာခြံ၊ ကွမ်းသီးခြံနှင့် အသီးနှံပင်များရှိသော ခြံမြေများသာ ဖြစ်သည်။ ကရင်ပြည်နယ်တွင် ဘားအံမြို့နယ်တောင်ပိုင်း ဇာသပြင်ကျေးရွာ ပိုင်ဆိုင်သော လယ်ယာမြေခြံ ဧက (၂၀၀) ကျော်ကိုလည်း သိမ်းဆည်းခဲ့သည်။ ထိုခြံမြေကို သိမ်းဆည်းခဲ့သော တပ်ရင်းမှာ တပ်ရင်းအမှတ် (၈၁) ဖြစ်သည်။ ၎င်းမြေသည် ထွန်ယက်စိုက်ပျိုးလျက်ရှိသော လယ်မြေများဖြစ်သည်။

၂၀၀၃ ခုနှစ်သည် နအဖ အစိုးရမှ ရေးမြို့နယ်ရှိ လမိုင်းရွာနှင့် ခေါဇာရွာကို မြို့နယ်ခွဲအဖြစ် ယာထားပြီး ၂၀၀၄ ခုနှစ် အစောပိုင်းကာလတွင် အတည်ပြုလိုက်သည်။ ၎င်းအတည်ပြုပြီး နောက်ပိုင်းတွင် ရေးမြို့နယ် လမိုင်းမြို့နှင့် မော့ကနင်ရွာ သွားသောလမ်းမကြီး နှစ်ဖက်စလုံးရှိ လယ်ယာမြေများကို အတင်းအဓမ္မသိမ်းယူပြီး၊ စွန့်လွှတ်သူ လယ်ယာမြေများဟု အမည်သတ်ကာ အတင်းအဓမ္မ သိမ်းဆည်းလိုက်သည်။ ၎င်းမြေသည် စစ်တပ် အိမ်ထောင်စုများအတွက်သာ ခွဲဝေပေးခြင်းဖြစ်သည်။ ထိုမှတဆင့် စစ်တပ်အိမ်ထောင်စုများက မယူဘဲ လယ်ယာမြေများကို တစ်ကွက်လျှင် ကျပ် (၃) သိန်း ဈေးနှုန်းဖြင့် စစ်သားများက ပြန်လည်ရောင်းချနေဆဲပင်ဖြစ်သည်။

ထိုနည်းတူစွာပင် လမိုင်းမြို့နယ်ခွဲ လယ်ယာမြေများကို သိမ်းပိုက်ပြီး အမြောက်တပ်များ တည်ခဲ့သည်။ ယင်းအသိမ်းခံရသော လယ်ယာမြေပိုင်ရှင်တွင် နိုင်လူနှင့်မိပီး(ယ်) အိမ်ထောင်စုတစ်စုထဲ မြေဧက (၅၀) အသိမ်းပိုက်ခံခဲ့ရသည်။ အသိမ်းပိုက်ခံရသော မြေယာများကို တစ်ဧကလျှင် လျှော်ကြေးငွေ (၆၀) ကျပ် နှုန်းဖြင့်လျှော်ပေးခဲ့သည်။ ၁၉၉၈ ခုနှစ် ကစပြီး ၂၀၀၅ ခုနှစ်အထိ ရေးမြို့နယ်တဝိုက်တွင် စစ်တပ်တိုးချဲ့နေဆဲပင်ဖြစ်သည်။ ၎င်းတပ်များမှာ အမှတ် (၅၈၃)၊ (၅၈၄)၊ (၅၈၅)၊ (၅၈၆)၊ (၅၈၇)၊ (၅၈၉)၊ (၅၉၀)၊ (၅၉၁) နှင့် အမတ (၃၁၇) တို့ဖြစ်ကြသည်။ ဤတပ်များသည် ရေးမြို့နယ်တွင်းရှိ ကျေးရွာအနှံ့အပြားမှ လယ်ယာခြံမြေများကိုသိမ်း၍ တပ်စခန်း တည်ဆောက်ခြင်းကို ယနေ့ထိတိုင်အောင် ထပ်မံ၍သိမ်းနေဆဲဖြစ်ပါသည်။ ထိုသိမ်းဆည်းခြင်းသည် ရေးမြို့နယ် တစ်မြို့နယ်ထဲမဟုတ်ပဲ မွန်ပြည်နယ်တွင်းရှိ မြို့နယ်အာလုံးမှ သိမ်းဆည်းခံနေရခြင်းဖြစ်သည်။ ထိုသိမ်းဆည်းထားသော လယ်ယာမြေ ဧက စုစုပေါင်းမှာ (၁၂၆၇၀) ကျော်ဖြစ်ပါသည်။

2.3 How many paddy field lands areas were confiscated by camps(LIB or IB) name?

၁၉၉၈ မှ ၂၀၀၂ ခုနှစ်အထိ မြေယာသိမ်းဆည်းမှုကေပေါင်း (၇၇၈၀) ကျော် နဲ့ အ ဖ စစ်အာဏာပိုင်တို့က သိမ်းဆည်းခဲ့ကြောင့် သိရှိရပါသည်။ ဤအချက်အလက်ကို စိုက်ပျိုးဖို့မြေယာ မရှိတော့ပါ (No land to Farm) စာအုပ်မှာ ရှာဖွေတွေ့ရှိရပါသည်။

၂၀၀၃ ခုနှစ်အတွင်းတွင် မြေကေ (၁၀၀၀) ကျော် ခြေလျှင်တပ်ရင်းအမှတ် ( ) ဗိုလ်ချုပ်ကြီး ( ) က သိမ်းယူခဲ့ပါသည်။

၂၀၀၄ ခုနှစ်တွင် မြေကေ (၃၀၀၀)ကျော် (၄၀၀၀) လုနီးပါး ခြေလျှင်တပ်ရင်းအမှတ် ( ) ဗိုလ်ချုပ်ကြီး ( ) ဦးဆောင်ပြီး သိမ်းယူခဲ့ပါသည်။

၂၀၀၅ ခုနှစ်တွင် ဆက်လက်၍ လယ်ယာမြေများကို သိမ်းဆည်းနေဆဲဖြစ်သော အမြောက်တပ် (၃၁၇) မှ မြေ ဧက ( ) ကျော်ကို ခ လ ရ ဦးစီးမှူး ကျော်မြင့်လှိုင် အပါဝင် ဗိုလ်မှူးမြင့်ဇော်က ဦးဆောင်ပြီး ရေးမြို့နယ်ရှိ မွန်ပြည်နယ်တဝိုက်တွင် ဆက်လက်သိမ်းဆည်းနေဆဲပင် ဖြစ်သည်။ ;

၁၉၉၈ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ စုစုပေါင်းမြေကေ (၁၂၄၇၀) ကျော်ကို သိမ်းဆည်းခဲ့ပါသည်။ လယ်ယာမြေသိမ်းဆည်းမှုအခြေအနေသည် တစ်ဆထက်တစ်ဆ တိုးပွါးလာသောကြောင့် အနာဂတ်တွင် မြေကေ ပို၍ အသိမ်းဆည်းခံရလိမ့်မည်ဟု ယုံကြည်အပ်ပါသည်။

၂၄။ သင်ဇရီယာ၏လယ်သမားများလက်ရှိအခြေအနေ

၂၄၊၁။ နေရာပြောင်းရွှေ့ခြင်း

မြေပိုင်ရှင်များသည် ၎င်းတို့ပိုင်သော လယ်ယာမြေ၊ ရော်ဘာခြံနှင့် ဥယျာဉ်ခြံများ အသိမ်းခံရခြင်းကြောင့် ရွှေ့ဆက်အနာဂတ်တွင် အခြားအသက်မွေးဝမ်းကျောင်းပြုရန် မလွယ်ကူလှသဖြင့် အချို့သော မြေပိုင်ရှင်များသည် မိမိပိုင်ခြံ၊ မြေယာအသိမ်းခံရပြီးနောက် အသက်ရှင်နေထိုင်ရေးအတွက် အခြားသောနေရာသစ်များ၊ မြေလွတ်များရရှိရန်မှာ မလွယ်ကူပေ။ မြေယာဆုံးရှုံးသော မိသားစုများသည် မြေလွတ်များရရှိရန်အတွက် အခြားနေရာသို့ ပြောင်းရွှေ့ခဲ့သော်လည်း မြေနေရာလွတ်များ မရရှိသည့်အပြင် နေ့စားအလုပ်ကိုလည်း မလုပ်ကိုင်ရသည့်အတွက် ဒုက္ခအမျိုးမျိုး၊ အကျပ်အတည်း အမျိုးမျိုးနှင့် ကြုံတွေ့နေရပါသည်။

ထို့သို့ များပြားစွာသော အခက်ခဲအကျပ်အတည်းများကို ရင်ဆိုင်နေရသည့်အခါ မြေယာဆုံးရှုံးသည့် မိသားစုများသည် တနေရာတည်း၌ အတည်အကျ နေထိုင်ဖို့ရန် မတတ်နိုင်တော့ပဲ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့နေရပါသည်။ နောက်ဆုံးတွင် အချို့သော မိသားစုများသည် မွန်ပြည်သစ်ပါတီ လက်အောက်ခံဒေသများသို့ လာရောက်ခိုလှုံနေထိုင်ကြသည်။ ပြောင်းရွှေ့လာသောသူများသည် မြေနိမ့်ပိုင်းမှ လာသောသူများဖြစ်သဖြင့် တောင်ကုန်းများကို ခုတ်ထွင်ရှင်းလင်းပြီး တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် စတင်အသက်မွေးဝမ်းကျောင်းပြုခဲ့ရာ အတွေ့အကြုံမရှိသည့်အတွက်ကြောင့်လည်းကောင်း၊ တောင်ယာလုပ်ငန်းတွင် လိုအပ်သော ကြိယာ တန်ဆာပလာနှင့် မျိုးစေ့များ အခက်ခဲကြောင်းလည်းကောင်း၊ ဒုက္ခအမျိုးစုံနှင့် ဆက်လက်ကြုံတွေ့ရပြန်သည်။

မြေယာသိမ်းဆည်းခံရသောကြောင့် အလုပ်လက်မဲ့ဖြစ်ပြီး ပြောင်းရွှေ့လာသော မွန်ပြည်သူအားလုံးနီးပါးမှာ ဝတ်မှတ်ခြင်းနှင့် ဆင်းရဲခေါင်းပါးခြင်း ပြင်းထန်စွာ ခံစားနေရသဖြင့် မွန်ဒေသခံ ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီအဖွဲ့က ပြောင်းရွှေ့လာသော ဒုက္ခသည်များအတွက် အရေးပေါ်လိုအပ်သည့် စားနပ်ရိက္ခာများကိုလည်း ထောက်ပံ့ ကူညီပေးခဲ့ပါသည်။ အချို့သော မွန်ပြည်သူများသည် စစ်တပ်များမှ မတရား နှိပ်စက်ခြင်း မြေယာသိမ်းယူခြင်းများကို ခံခဲ့ရသဖြင့် ခိုကိုးရာမဲ့ဖြစ်ကာ နယ်စပ်ဒေသနှင့် ထိုင်းနိုင်ငံသို့ တရားမဝင် အလုပ်သမားအဖြင့် သွားရောက်လုပ်ကိုင်ရပါသည်။

၂၄၊၂။ အတင်းအဓမ္မအလုပ်စေခိုင်းမှု

လယ်ယာမြေသိမ်းဆည်းပြီး နောက်ပိုင်းတွင် အတင်းအဓမ္မ အလုပ်စေခိုင်းမှုများ အဆက်မပြတ် ဖြစ်ပေါ်လာသည်။ ၁၉၉၈ ခုနှစ်မှစ၍ ၂၀၀၅ ခုနှစ်အထိ မွန်ပြည်နယ် ဒေသတဝိုက်တွင် အတင်းအဓမ္မ အလုပ်အားစေခိုင်းမှုများအား ဒီကနေ့အထိတိုင်အောင် ဆက်လက်ဖြစ်ပွားနေသည်။

ထိုအတင်းအဓမ္မ အလုပ်စေခိုင်းမှုများမှာ လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ စစ်တပ်ဆောက်ခြင်း၊ နအဖ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းဆောက်ခြင်း၊ ခြံစည်းရိုးကာခြင်း စသော အတင်းအဓမ္မ အလုပ်စေခိုင်းမှုများပင်ဖြစ်သည်။ ၂၀၀၅ ခုနှစ် အတောအတွင်းတွင် ခေါဇာမြို့နယ်ခွဲ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်း တည်ဆောက်ဖို့အတွက် (စကခ) တပ်မ (၉) လက်အောက်ခံ ဗျူဟာမှူးကြီး မြင့်အောင်နှင့် သန်းတိုး ဦးဆောင်ပြီး ခေါဇာမြို့နယ်တဝိုက်တွင် ရှိသည့်ကျေးရွာများကို တစ်ရွာလျှင် သစ် (၃) တန်ဖြင့် ကျောင်းဆောက်လုပ်ရန် ပေးပို့ရမည်ဟု အမိန့်ထုတ်လိုက်သည်။ ထိုသို့သာမက ခေါဇာမြို့အတွင်း တစ်ရပ်ကွက်လျှင် သစ်တစ်တန် ပို့ရမည်ဟု ဗျူဟာမှူးကြီး နှစ်ဦးမှ ထပ်ပြီး အမိန့်ထုတ်လိုက်ပြန်သည်။ ၎င်းအတင်းအဓမ္မ ပေးပို့စေခဲ့သော သစ်အမျိုးစားများမှာ ပျဉ်းကတိုး၊ ပျဉ်းမ၊ ပိတောက်၊ ကျွန်း စသောသစ်မာများဖြစ်သည်။

၎င်း နအဖ စာသင်ကျောင်းများ ဆောက်လုပ်ရန်အတွက် ဗျူဟာမှူးကြီး မြင့်အောင်နှင့် သန်းတိုးတို့က ၎င်းရွာသားများကို မဌားရမ်းဘဲ အတင်းအဓမ္မနည်းဖြင့် အလုပ်အားစေခိုင်းမှု ပြုလုပ်ပြီး ရွာဝေးမှ တစ်ရွာ (၁၀) ယောက် ရွာနီးများမှ တစ်အိမ်လျှင် တစ်ယောက် ကိုယ့်ထမင်းကိုယ်ထုတ်ပြီး အိမ်းတိုင်းမသွားမနေရဟု အမိန့်ထုတ်ခဲ့သည်။ အချို့သော မုဆိုးမအိမ်များသည် သွားသူမရှိသည့်အတွက် နေ့စား အလုပ်သမားများကို (၂၀၀၀) ကျပ်နှုန်းဖြင့် အစားထိုးငှားခဲ့ရပါသည်။ ထိုသို့သာမက ၎င်း၏ချုံထားသော တပ်များကို သွားလာပို့ဆောင်ရေး လွယ်ကူအောင် လမ်းများဖောက်လုပ်ကြသည်။ ထိုသို့ လမ်းများဖောက်ခြင်းသည် စစ်တပ်အင်အား မသုံးဘဲ ရွာသားများကို အတင်းအဓမ္မအဖြစ် စေခိုင်းခဲ့ခြင်းဖြစ်သည်။ ထိုလမ်းဖောက်လုပ်ခြင်းသည် သိမ်းဆည်းထားသော ရွာသားတို့၏ လယ်မြေများရှိ သီးနှံပင်များမှာ အလဟသ ပျက်ဆီးသွားရသည်။

ယခုလက်ရှိ ရေဖြူမြို့နယ် တနသာရီ လမ်းမကြီးတလျှောက်ရှိ တံတားများကို တနသာရီတိုင်း တိုင်းရင်းမှူးက ခြံစည်းရိုးကာရန် ရေဖြူမြို့နယ်မှာရှိသည့် ရွာသားများ အတင်းအဓမ္မဖြင့် အလုပ်စေခိုင်းသည်။ တံတားကာခြင်း၏ အဓိက ရည်ရွယ်ချက်မှာ တံတားကို ဝုံးခဲ့မရအောင် ကာထားခြင်းဖြစ်သည်။ နအဖ အစိုးရက လူမှုရေး ချိုးဖောက်မှု အမြောက်များစွာ ပြုလုပ်နေဆဲ ဖြစ်သည်။ ဤသို့ဖြစ်ခြင်းကြောင့် တနသာရီတိုင်း တိုင်းရင်းမှူးက တံတားလုံခြုံရေးအတွက် ရေဖြူမြို့နယ်မှာရှိသည့် ရွာသားများကို အတင်းအဓမ္မဖြင့် ကင်းစောင့်ခိုင်းသည်။ ကင်းစောင့်သည့်အချိန်တွင် မီးမထွန်းရဟု ခလရ (၂၇၃) ကမိန့်ထုတ်ထားသည်။

၂၅။ အမျိုးသား၊အမျိုးသမီးနှင့် ခလေးများ၏အခြေအနေ

၂၅၊၁။ မုဒိမ်းကျင့်မှု

ဒေသခံအမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ နအဖ စစ်တပ်တို့က မည်သည့်ဒေသမဆို အခြေစိုက်သည့်နေရာတိုင်း ယင်းဒေသရှိ တိုင်းရင်းသူ အမျိုးသမီးများကို အတင်းအဓမ္မ မုဒိမ်းကျင့်ခဲ့သည်။

၂ ၊ ၇ ၊ ၂၀၀၅ ရက်နေ့ ည (၁၁) နာရီအချိန် ခမရ (၃၀၈) စစ်ကြောင်း (၁)မှ ဗိုလ်ကြီး လင်ဦးသည်၊ ရိုက္ခာကိစ္စခရီးထွက်ရင်း၊ သံဖြူဇရပ်မြို့နယ်၊ သံဖြူဇရပ် ဘုရားသုံးဆူးလမ်းရှိ ဇီးနှစ်ပင်စခန်း မွန်တပ်ဖွဲ့ရှိရာစခန်းအနီးတွင် တစ်ညတည်းခိုနေစဉ် ရဲဘော်အချို့နှင့် အနီးအနားရှိခြံတစ်ခုသို့သွားပြီး မွန်တပ်ဖွဲ့ဟန်ဆောင်၍ မွန်ဘာသာဖြင့် တဲပိုင်ရှင်အားအော်သို့ ဆင်းလာရန် ခေါ်လိုက်သည်။ ထို့နောက် တဲပိုင်ရှင်ကို ဖမ်းထားလိုက်ပြီး တဲပေါ်သို့တက်ကာ ၎င်း၏ဇနီး မိချို ဆိုသူအမျိုးသမီးကို မုဒိမ်းကျင့်ခဲ့သည်။ ၎င်းကိစ္စကို နောက်တစ်နေ့ နံနက်တွင် မိချို၏ လင်ယောကျ်ားက မွန်တပ်ဖွဲ့သို့ လာရောက်တိုင်းကြား၍ သိခဲ့ရသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လယ်ယာမြေ သိမ်းဆည်းမှုများလာခြင်းကြောင့် ကျေးရွာဒေသများအတွင်း နအဖ စစ်တပ်တို့၏ တပ်ရင်းများ ပိုမိုအခြေစိုက်လာသည့်အခါတွင် ကျေးရွာအမျိုသမီးများသည်လည်း ယင်းကဲ့သို့ အကြမ်းဖက်မှုများ ပိုမိုတိုးပွားလာပါသည်။ များသောအားဖြင့် အကြမ်းဖက်ခံရသော မျိုးသမီးများသည် တရားစွဲဆိုခွင့်မရှိပဲ ရေငုံနှုတ်ပိတ်လို့သာ နေခဲ့ရပါသည်။ အချို့အမျိုးသမီးများသာ မွန်ပြည်သစ်ပါတီတပ်တွင် တိုင်းကြားခဲ့ပါသည်။ မတိုင်းကြားရဲသော ကျေးရွာအတွင်းရှိ အမျိုးသမီးလည်း မရေတွက်နိုင်အောင် ရှိနေခဲ့ပြီး စစ်တပ်အကြီးအကဲတို့ကလည်း ၎င်းတို့၏ လက်အောက်ရွာသားများက အမျိုးသမီးများအပေါ် မည်မျှပင်

အကြမ်းဖက်နေခဲ့သော်လည်း မသိကျိုးကျွံ နေနေကြပါသည်။ ထိုအကြမ်းဖက်ခံရသော အမျိုးသမီးများသည် မိမိတို့၏ ဘဝများဆုံးရှုံးမှု ခံရရုံမှတပါး အခြားသောတရားမျှတမှုကို မည်သည့်နည်းလမ်းများမှ ခံစားရန်အတွက် အခွင့်အရေးများမရှိခဲ့ပေ။ အချို့သောအမျိုးသမီးများသည် အယှက်အကြောက်မှု၊ ကိုယ့်ကိုကိုယ် အဆုံးစီရင်မှု၊ နယ်စပ်ဒေသ နှင့် ထိုင်းနိုင်ငံ တရားမဝင် အလုပ်သမားဖြင့် သွားရောက်သိမ်းရှောင်နေပါသည်။

၂၅.၂။ ပညာရေးထိခိုက်ခြင်း

မြေယာခြံမြေများ သိမ်းဆည်းခံခဲ့ရသော မိသားစုများသည် တနေရာမှ တနေရာသို့ အတည်တကျမရှိပဲ ပြောင်းရွှေ့နေရခြင်းကြောင့် ခလေးများ၏ ပညာရေးတွင် များစွာထိခိုက်ရပါသည်။ ၂၀၀၅ ခုနှစ် အစောပိုင်းတွင် ရေးမြို့နယ် လမိုင်းရွာကို လမိုင်းမြို့နယ်ခွဲအဖြစ်သို့ ပြောင်းလဲပြီး လမိုင်းမြို့ဟု အတည်ပြုခဲ့ပါသည်။ နအဖ တို့က မြို့အသွင်သဏ္ဌာန်နှင့် ကိုက်ညီမှုရှိအောင် ဆိုပြီးလမ်းမကြီးများ ချဲ့ထွင်လာခဲ့သည်။ လမ်းမကြီးအနီးအနားရှိ အိမ်များကို ပေ (၆၀) ချဲ့ထွင်ခြင်းကြောင့် မူရင်းအိမ်အနေထားကနေ တဝက်ကို အတင်းအဓမ္မဖယ်ခိုင်းပြီး ကျန်ရှိတဲ့အိမ်တဝက်ကို အလဟသ ဖြစ်စေခဲ့ပါသည်။ ၎င်းအပြင် လမိုင်းရွာတွင်းရှိ မြေနေရာ ကွက်လပ်များကို သိမ်းယူပြီး နအဖ အမည်ခံ (နယ်စပ်နှင့် တိုင်းရင်းသား လူမျိုးဖွံ့ဖြိုးရေး) ရုံးမြေနေရာအဖြစ် တည်ဆောက်ခဲ့ပါသည်။ ဘုရားမြေ ပရဝုဏ်တွင် ရုံးမြေနေရာ ဆိုင်းဘုတ်များ စိုက်ထူထားပါသည်။ အချို့နေရာတွင် ရုံးတည်ဆောက်ထားမှုများလည်း ရှိပါသည်။ ဘုရားအရှေ့ နှင့် တောင်ဘက်မုဒိအကြား ဘုရားမြေနေရာသည် ရုံးမြေနေရာဆိုပြီး ဆိုင်းဘုတ်အပါအဝင် တည်ဆောက်ပြီးခဲ့သော လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနရုံး ဝန်ထမ်းအိမ်ရာကိုလည်း ခြံစည်းရိုး ခတ်ထားပါသည်။ ဘုရားအနောက်ဘက်မုဒိတွင် မွန်ပြည်သစ်ပါတီ အမျိုးသားကျောင်း မြေကွက်လပ်အပါအဝင် ပြည်သူများ၏ မြေကွက်လပ်ကို သိမ်းယူခဲ့ပါသည်။ သိမ်းယူထားသော မြေကွက်လပ်များကို (နအဖ) မြို့တော်ခန်းမရုံး ရုပ်မြင်သံကြား အသံလွှင့်ရုံး၊ စုပေါင်းရုံး စသည့် ရုံးသီးသီး (၁၀) ရုံး လုနီးပါး တည်ဆောက်ခဲ့ပြီးသား နှင့် ရုံးမြေနေရာ ဆိုင်းဘုတ်များ ထောင်ထားမှုများလည်း ရှိနေဆဲပင်ဖြစ်သည်။

ယခုအခြေအနေတွင် မွန်ပြည်သစ်ပါတီ အမျိုးသားကျောင်းကို ပြောင်းရွှေ့ရန် နအဖ ဦးစီးမှူး ကျော်မြင့်လှိုင်က မွန်ပြည်သစ်ပါတီ အမျိုးသားကျောင်းကို တာဝန်ယူထားသော လမိုင်းမြို့ရှိ ဆရာတော်ဘုရား နှင့် မွန်ပြည်သစ်ပါတီ အမျိုးသားကျောင်း ဆရာမကြီးကို တိုက်တွန်းပြောဆိုခဲ့ပါသည်။ (သို့မဟုတ်) နိုင်ငံတော် နအဖ အစိုးရ ဆရာမအဖြစ် သူတို့အစစ အရာရာ တာဝန်ယူပေးမည်ဟု ပြောဆိုခဲ့ပါသည်။ မွန်ပြည်သစ်ပါတီ အမျိုးသားကျောင်းဆရာမက မပြောင်းရွှေ့ပေးသည့်အပြင် သူတို့ရဲ့တောင်းဆိုမှုကို သဘောမတူခဲ့ပေ။ ဒါအပြင် ပါးနပ်မှုများစွာဖြင့် "အကယ်၍ ကျမတို့ကို နေရာအဆင်သင့် ပေးမယ်ဆိုလျှင် ကျမတို့ပြောင်းပေးမည်"ဟု ဆရာမကြီးက ပြောဆိုခဲ့ပါသည်။ ဘာကြောင့်လဲ ဆိုတော့ ယခုလက်ရှိအခြေအနေတွင် ကျောင်းသူ ကျောင်းသားစုစုပေါင်း (၃၇၇) ယောက် နှင့် ဆရာမ (၁၄) ယောက် နှင့်အတူ မိုးတွင်းမှာ ပြောင်းမယ်ဆိုလျှင် အခက်ခဲနှင့် ကြုံတွေ့ရမည်ဟု နအဖ ကို တင်ပြပေးခဲ့ပါသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ မွန်ပြည်သစ်ပါတီ တာဝန်ခံ နိုင်တင်လှကို အောက်ပါအချက်အလက်များနှင့် အစီရင်ခံစာ တင်ပြပေးခဲ့ပါသည်။

၁။ ၁၃၆၅ ခုနှစ် တပို့တွဲလဆုတ် (၁၄) ရက်နေ့တွင် နအဖ တို့က လမိုင်းရွာကို မြို့အဖြစ် တည်ထောင်ခြင်းကြောင့် မြေလွှတ်ကွက်လပ်များကို ရုံးဆောက်ရန် မွန်ပြည်သစ်ပါတီ အမျိုးသားကျောင်းပိုင် မြေလွှတ်ကွက်လပ်များ၏ အကျယ်ကို သဘောကျ၍ မေးမြန်းမှုမရှိပဲ ရုံးဆောက်ခဲ့ပါသည်။ ကျောင်းပြောင်းရန်လည်း တောင်းဆိုနေပါသည်။

၂။ ၁၃၆၇ ခုနှစ် ကဆုန်လဆန်း (၇) ရက်နေ့တွင် မွန်ပညာရေးကျောင်းတာဝန်ခံ ဆရာတော်များ ရုံးဒါန်ကျောင်း၊ ဘုရာကျောင်းကြီး၊ ရာမညကျောင်း၊ အောင်မင်္ဂလာကျောင်းနှင့် ကေလာသဆံတော်ရှင်တန်းခိုးကြီးဘုရား၏ ဂေါပကအဖွဲ့များ အချင်းချင်းဆွေးနွေးပြီး နေရာပြောင်းရွှေ့ပေးရန် သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

၃။ ၂၉၊ ၆၊ ၂၀၀၅ တွင် ဦးစီးမှူး ကျော်မြင့်လှိုင်းက စာသင်ကျောင်းနှင့်ပတ်သက်၍ သံဃာတော် ဆရာတော်ဘုရားများနှင့် ဆွေးနွေးတိုင်ပင်ပြီး နေရာအသစ် အပါအဝင် သိန်း (၁၀၀) လျှော်ကြေးပေးမည်ဟု ဦးစီးမှူးကျော်မြင့်လှိုင်က ပြောဆိုခဲ့ပါသည်။ အကယ်၍ ကျောင်းအသစ် တည်ဆောက်မည်ဆိုလျှင် စာသင်ကျောင်းဟု

မပြောရ (ဘုန်းကြီးများမွန်ဓမ္မရုံဟု ဝန်ခံလျှင် မြေပုံဂရမ်များကို လက်မှတ်ထိုးပေးမည်လို့ နအဖက ပြောဆိုခဲ့ပါသည်။)

ဤအချက်အလက်ကို ကြည့်ခြင်းအားဖြင့် မသေချာသော အခြေအနေတခု အခက်ခဲနှင့် အခြိမ်းခြောက်မှုအကြား စာသင်နေသော ကျောင်းသူကျောင်းသားများ၏ မိဘများသည် ခလေးများကို စာဆက်သင်ရန် အနာဂတ်ကို ယုံကြည်မှုနည်းပြီး ခလေးများကို ကျောင်းထုတ်ပြီး အခြာတနေရာသို့ သွားရန် တိုက်တွန်းနေသော အသံများ ကျောင်းသူကျောင်းသား မိဘများအထံမှ ကြားနေရပါသည်။ ယ္ခုလို အခြေအနေကြောင့် ခလေးများ၏ ပညာရေးကို ထိခိုက်စေပါသည်။ အချို့တွင် လယ်ယာခြံမြေ အသိမ်းဆည်းခံခဲ့ရသောကြောင့် စားဝတ်နေရေးအတွက် နေရာပြောင်းရွှေ့ကာ ခလေးများကိုပါ ကျောင်းထုတ်ပြီး သွားကြပါသည်။ ခလေးတွေရဲ့ ပညာရေးကို ထိခိုက်ပြီး အနာဂတ်တွင် ပညာမဲ့၊ အသိညာဏ်မဲ့၊ စာမတတ်သောသူများသာ ပို၍များလာပေလိမ့်မည်။ ဒါအပြင် "စစ်အစိုးရ အာဏာပိုင်တို့ သိန်း (၁၀၀) လျှော်ကြေးကို ကမ္ဘာ့ကြက်ခြေနီအဖွဲ့ လျှူပေးလိုက်သော အိမ်သာ နှင့် ရေလှောင်ကန် တန်းဖိုးမျှသာ ရှိပါသည်" ဟု မွန်ဆရာမများက ပြောနေပါသည်။

၂၊၆။ ဒေသခံလူ့အဖွဲ့အစည်း၏ ဆိုးကျိုးရလာဒ်များ

ပြည်သူလူထု၏ လယ်ယာမြေအများအပြား အသိမ်းအဆည်းခံခဲ့ရသောကြောင့် မွန်ပြည်နယ်ရှိ ဒေသခံလူ့အဖွဲ့အစည်းများ ကမောက်ကမ အုံကြွလာပါသည်။ နအဖ စစ်အစိုးရ လက်ထက်ကြောင့် မိမိပိုင်ဆိုင်သော ဓန ဥစ္စာ ပစ္စည်းများအပြင် အမွေးအနှစ် ဆက်ခံရသော လယ်ယာမြေများ အဆုံးရှုံးခံခဲ့ရပါသည်။ သိမ်းဆည်းထားသော နေရာများသည် စစ်တပ်တိုးချဲ့ခြင်း အမြောက်တပ် တည်ဆောက်ခြင်းကြောင့် စစ်သားများ တိုးပွားလာပါသည်။ မိမိပိုင်နက်ပင် ဖြစ်သော်လည်း လွတ်လပ်စွာ သွားလာခွင့်မရှိပါ။ အချို့ဒေသခံ လူ့အဖွဲ့အစည်းသည် မသိမ်းဆည်းရသေးသော ကျန်ရှိနေသေးသည့် နေရာတွင် မိမိတို့သွားလိုပါက အကောက်ခွန်အဖြစ် ခြံသွားလက်မှတ် တဆောင်လျှင် (၁၀၀) ကျပ် အခွန်ပေးဆောင်ပြီး သွားရပါသည်။ မိမိဒေသတွင် စစ်သားများ တိုးပွါးလာသောကြောင့် မိမိခြံတွင်ရှိ သစ်သီးဝလံများကို ခူးယူစားသောက်သည့်အပြင် အခြားသော ပစ္စည်းများကိုလည်း ခူးယူစားသုံးကြပါသည်။ သူတို့ပိုင် မဟုတ်သည့်သောကြောင့် ဖြစ်သလိုခူးယူ စားသုံးကြသည်။ အချို့တွင် ပြန်လည်သုံးမရသည့်အပြင် အပင်များပါ သေကြေပျက်စီးခဲ့ပါသည်။ ခြံပိုင်ရှင်များသည် မိမိပိုင်ရှင်ဖြစ်သော်လည်း မပြောရဲ မဆိုရဲပဲ ဒီအတိုင်းသာ ကြည့်နေရပါသည်။ ပြောခွင့်ဆိုခွင့်လည်းမရှိခဲ့ပေ။ အကယ်၍ ပြောမိမည်ဆိုပါက မိမိအတွက် ဘေအွန္တရာယ်များနှင့်သာ ကြုံရပေလိမ့်မည်။ ယ္ခုလက်ရှိ အခြေအနေတွင် မွန်ပြည်နယ်အတွင်း ဒေသခံလူ့အဖွဲ့အစည်းရှိ ပြည်သူလူထုများသည် အကြပ်အတည်း အမျိုးမျိုးဖြင့် ခံစားနေရပါသည်။ နအဖ အစိုးရတို့၏ လူမျိုးသွေးနှောရေးဝါဒကြောင့် ခြံတွင်းရှိတွေ့သမျှ အမျိုးသမီးများကို မုဒိမ်းကျင့်ခဲ့ပါသည်။ ဒါကြောင့် ဒေသခံ လူ့အဖွဲ့အစည်းရှိ ပြည်သူများအားလုံး ဖိနှိပ်မှုအမျိုးမျိုးနှင့် ခံစားနေရပါသည်။

၂၊၇။ အခြားသောအကြောင်းအရာများ

၂၊၇၊၁။ ဂိတ်များတိုးလာခြင်း

၁၉၉၈ လယ်ယာမြေ သိမ်းဆည်းပြီး နောက်ပိုင်းတွင် နအဖ စစ်တပ်များက ၎င်းဝင်ငွေရရှိရေးအတွက် ဂိတ်အမြောက်များစွာ တိုးချဲ့လာသည်။ ရေမြို့နှင့် မော်လမြိုင်မြို့သွားသော ကားလမ်းတစ်လျှောက်တွင် ငြိမ်းချမ်းရေးမယူခင်က (၃) ဂိတ်မျှသာရှိပြီး ငြိမ်းချမ်းရေးယူပြီး နောက်ပိုင်း ၁၉၉၅ ခုနှစ်ကစ၍ ရေ–မော်လမြိုင်သွားသည့် ကာလမ်းတလျှောက်မှာ (၅) ဂိတ် ထပ်တိုးလာပါသည်။ ထိုထပ်တိုးလာသော ဂိတ်များမှာ မော့ကနင်ဂိတ်၊ မုဒုံဂိတ်၊-----စသည့်ဂိတ်များ ဖြစ်ပေါ်လာသည်။ ထိုဂိတ်များ ထပ်တိုးလာသောကြောင့် မွန်ပြည်နယ်မှာရှိသည့် မွန်ပြည်သူလူထုများ သွားလာခွင့် မလွတ်လပ်ဘဲ ပင်ပန်း အမျိုးမျိုးကြုံတွေ့နေရပါသည်။ ဂိတ်ဖြတ်ကျော်ကြေးအဖြစ် ခရီးသည်တို့ ပြက္ကဒိန်တစ်စောင် (၅၀၀) ကျပ် ဝယ်ရသည့်အပြင် ရေသန့်ဗူးတစ်ဗူး(၂၀၀)

ကျပ်နှုန်းအဖြင့် ဝယ်ရမည်။ အကယ်၍ မဝယ်လျှင် ထပ်ခါထပ်ခါ မေးမြန်းစစ်ဆေး၍ ထိမ်းချုပ်ထားသည်။ ထိုထက်ပို၍ ရေမြို့နယ်မှာ ထွက်သည့် ရော်ဘာစေး၊ စပါး၊ ကွမ်းသီး၊ ဒူးရင်းစသော သစ်သီးဝလံများကို ကူးသန်းရောင်းဝယ်ရေး လျှောနည်းလားပြီး မွန်ပြည်သူလူထုများ ဝင်ငွေမြောက်များစွာ ဆုံးရှုံးခဲ့သည်။ အချို့သော ကူးသန်းရောင်းဝယ်ရေးသမားများသည် ဗမာစစ်တပ်ဂိတ်များက အဆမတန် အခွန်ကောက်ယူပြီး ကိုယ့်ထုတ်ထားသည့် အရင်းမြစ်များထက် အမြောက်များစွာ ဆုံးရှုံးသွားသည်။ ဤသို့ဖြစ်ခြင်းကြောင့် နောက်ထပ် ကူးသန်းရောင်ဝယ်ရေးပြန်လည်လုပ်ဆောင် အရင်းမြစ်မရှိခဲ့ပေ။

၂၇၊၂။ အုတ်ဖုတ်ခြင်း

လယ်ယာမြေသိမ်းဆည်းပြီး နောက်ပိုင်း ၂၀၀၁ ခုနှစ်တွင် ရေးမြို့နယ် ဒေသတဝိုက်မှာရှိသည့် ဇာကလယ်ရွာ၊ မော့ကနင်ရွာ အစရှိသောရွာ၏ လယ်ယာမြေများကို နအဖ တို့က သိမ်းဆည်းပြီး ၎င်းလယ်ယာမြေများကို အုတ်ဖုတ်ကြသည်။ ထိုသို့ အုတ်ဖုတ်ခြင်းသည် ကွမ်းဒူရွာနှင့် အရုတ်တောင်ရွာ အကြားမှာရှိသည့် ခလရ (၃၄၃) ဗိုလ်ကြီးလင်းဦးက ဦးဆောင်ပြီး ဇာကလယ်ရွာ အနားမှာရှိသည့် လယ်မြေများကို အတင်းအဓမ္မ သိမ်းဆည်းလိုက်ပြီး ၎င်းမြေကို ခလရ အမှတ် (၃၄၃) တပ်ရင်းတည်ဆောက်ဖို့ရန် အုတ်လုပ်ကြရသည်။ အုတ်ဖုတ်ဖို့ ထင်းရရှိရန်အတွက် အနီးအနားမှာရှိသည့် ရော်ဘာခြံနှင့် ကွမ်းသီးခြံများကို အတင်းအဓမ္မဖြင့် ခုတ်ယူကြသည်။ ၎င်းအုတ်လုပ်ထားသော လယ်မြေနေရာသည် စိုက်ပျိုးထွန်ယက်နေသော လယ်မြေနေရာများဖြစ်သည်။ ဤသို့လုပ်ခြင်းကြောင့် ဇာကလယ်ရွာမှာရှိသည့် ဒေါ်ဖြူသည် မိမိပိုင်ထားသော လယ်မြေများကို အသိမ်းခံရပြီး စိုက်ပျိုးရန်မရှိပဲ ထိုင်းနိုင်ငံသို့ တရားမဝင် အလုပ်သမားဖြင့် ယနေ့ ထိတိုင် အလုပ်လုပ်နေရပါသည်။

၂၇၊၃။ ပေါ်တာဆွဲခေါ်မှု

၁၉၉၅ မတိုင်ခင် နအဖနှင့် မွန်ပြည်သစ်ပါတီ ပစ်ခတ်နေသည့်အချိန်တွင် နအဖစစ်တပ်များသည် မွန်ပြည်နယ် ရေမြို့နယ် ဒေသတဝိုက်တွင် သွားလာမှုလွတ်လွတ်လပ်လပ်

မရှိသောကြောင့် မွန်ရွာသားများသည် အတင်းအဓမ္မပေါ်တာဆွဲခေါ်မှု အနည်းငယ်မျှသာရှိသည်။ ၁၉၉၈ အစောပိုင်းကာလတွင် နအဖ စစ်တပ်များကမွန်ပြည်မှရှိသည့် လယ်ယာမြေများကို အတင်းအဓမ္မသိမ်းဆည်းပြီး တပ်စခန်းများဆောက်ရန်အတွက် မွန်ပြည်သူလူထုများအတင်းအဓမ္မ

အလုပ်စေခိုင်းမှုအဆက်မပြတ်ဖြစ်ပေါ်လာသည်။ ထိုတပ်စခန်းများတည်ဆောက်ပြီးနောက်ပိုင်းတွင် နအဖက မွန်ပြည်နယ်ခေါ်ဇာမြို့နယ်မှာ လှုပ်ရှားနေသည့် မွန်သူပုန်းများကို စစ်ထိုးရန် ခေါ်ဇာမြို့နယ်တဝိုက်မှာ ရှိသည့်ကျေးရွာများကို တစ်ရွာလျှင်လူ (၆) ယောက်အဖြစ် နအဖစာနပ်ရိက္ခာနှင့် ခဲယမ်းမီးကျောက် သယ်ဆောင်ရန် အတင်းအဓမ္မ ပေါ်တာဆွဲခေါ်ခဲ့သည်။ ထိုပေါ်တာဆွဲခေါ်ခဲသော သူများသည် ခဲယမ်းမီးကျောက်နှင့် စားနပ်ရိက္ခာများကို မသယ်ဆောင်နိုင်လျှင် ညှင်းပန်းနှိပ်ဆက်ပုံအမျိုးမျိုးကျင့်သုံးပြီး အချို့တွင်အသက်ဆုံးရှုံးသည်အထိ သတ်ပစ်ခဲ့သည်။ ထိုသို့မကဘဲ စစ်တပ်သွားလာရေးမှာလည်း တစ်ရက်လျှင် ဆိုင်ကယ်တစ်စီး တပ်စခန်းကို အတင်းအဓမ္မသွားထားပေးရမည်။

၃။ စီးပွားရေးအခြေအနေဘယ်လိုရှိသလဲ

၃၊၁။ သစ်ထုတ်လုပ်ရေး

၁၉၉၈ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်အထိ သစ်ထုတ်လုပ်ရေးကို နအဖ တို့က ဦးစားပေး၍ စီးပွါးရေးအနေဖြင့် ပြည်သူပိုင်သစ်များကို သိမ်းယူပြီး နိုင်ငံခြား " ထူး " ကုမ္ပဏီသို့ တင်ပို့ရောင်းချခဲ့ပါသည်။ ရေးမြို့နယ်မြောက်ပိုင်း မော့ကနင်ကျေးရွာရှိ ခြေလျှင်တပ်ရင်းအမှတ် (၁၀၆) တွင်ရှိ စစ်ဗိုလ်ချုပ်တွေက တရုတ်သစ်ထုတ်လုပ်ရေး Robber wood ကုမ္ပဏီနှင့် ပူးပေါင်းပြီး မော့ကနင်အနီးရှိ ရော်ဘာပင်ခြံများကို နအဖ စစ်အစိုးရတွေက သိမ်းယူပြီး

ပြည်သူလူထု လုံခြုံရေးအတွက် ကာကွယ်ရန် တပ်မတည်ဆောက်ရခြင်းဖြစ်သည်ဟု အကြောင်းပြသည်။ သို့သော် သိမ်းယူထားသော ရော်ဘာခြံများကို အားလုံးခုတ်ထွင်ပြီး တရုတ်ရော်ဘာ သစ်ထုတ်လုပ်ရေးလုပ်ငန်းကို စီးပွါးရေးအဖြစ် ပြုလုပ်နေဆဲဖြစ်ပါသည်။ ထို့အပြင် သစ်ထုတ်လုပ်ငန်းကို နအဖ ကိုယ်တိုင်က ခွင့်ပြုပြီး အကောက်ခွန်များကို ကောက်နေခြင်းဖြစ်သည်။ ယ္ဒုလက်ရှိအခြေအနေသည် ဒေသခံ အချို့သော ပြည်သူလူထုများသည် သစ်ထုတ်လုပ်ငန်းကို လုပ်နေကြပါသည်။ သစ်တောဖြုန်းတီးပြီး သစ်ထုတ်လုပ်ငန်း ပိုမိုများပြားတိုးပွါးလာသည်။

၃၊၂။သယံဇာတဆုံးရှုံးမှု

မွန်ပြည်နယ် လမိုင်းမြို့နယ်ခွဲမှာရှိသည့် မော့ကနင်ရွာတွင် တရုတ် Robber wood company မရောက်ခင် ရွာသားများက ကိုယ့်ခြံမှာထွက်သည့် ရော်ဘာစေး၊ ကွမ်းသီး၊ စသောအသီးနှံပင်များဖြင့် ကြွယ်ဝချမ်းသာစွာဖြင့် နေထိုင်စားသောက်ကြသည်။ ကျန်းမာရေး၊ ပညာရေးမှာလည်း လုံလုံလောက်လောက်ဖြင့် ထောက်ပံ့နိုင်ပါသည်။ ၁၉၉ဖ ခုနှစ် တရုတ် Robber wood company ရောက်လာပြီး နောက်ပိုင်းတွင် မော့ကနင်ရွာသည် လူနေမှုအဆင့်အတန်း နှင့် စီးပွားရေး မြောက်များစွာ ကျဆင်းလာသည်။ ၎င်းဖြစ်ပေါ်လာသော အကြောင်းအရင်းမှာ တရုတ် Robber wood company နှင့် နအဖ စစ်တပ် (၁၀ဖ)ပေါင်းပြီး ရော်ဘာသစ် ထုတ်လုပ်ရေးလုပ်ငန်းဖြင့် ဆောင်ရွက်ကြသည်။ ၎င်းရော်ဘာသစ် ထုတ်လုပ်ရေးသည် မော့ကနင်ရွာမှာရှိသည့် ပြည်သူလူထု ရွာသားပိုင်ခြံများကို ခြေလျှင်တပ်ရင်းစစ်တပ် အမှတ် (၁၀ဖ) အတင်းတမ္ဘမ်ဖြင့် သိမ်းဆည်းလိုက်ပြီး ၎င်းခြံ၏ရော်ဘာပင်များကို အတင်းအဓမ္ဓ ခုတ်ယူပြီး တရုတ် Robber wood company မှ ကုန်ချောအဖြစ် ထုတ်လုပ်ကြသည်။ ၎င်းကုန်ချောထုတ်ကုန်များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျှက်ရှိသည်။ ဤသို့ပြုလုပ်ခြင်းကြောင့် မော့ကနင်ရွာမှာရှိသည့် ရွာသားများ၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေး အခြေအနေ မြောက်များစွာ ကျဆင်းလာပါသည်။ ပညာရေးဘက်မှာလည်း လုံလုံလောက်လောက် မထောက်ပံ့နိုင်ပဲ တစ်ဝက်တစ်ပျက်ဖြင့် ခလေးသူငယ်များ ပညာရေးကို ဆုံးရှုံးသွားခဲ့ပါသည်။ အချို့သောမိသားစုများသည် အလုပ်လက်မဲ့ လုပ်ရာကိုင်ဖက်မရှိသောကြောင့် ထိုင်းနိုင်ငံတရားမဝင် အလုပ်သမားနှင့် ဒုက္ခသည်စခန်း Halockhani camp သို့ပြောင်းရွှေ့နေထိုင်ကြသည်။ တရုတ် Robber wood company မရောက်ခင်နှင့် တရုတ် Robber wood company ရောက်ပြီးနောက်ပိုင်းတွင် နှိုင်းယှဉ်ကြည့်အားဖြင့် မော့ကနင်ကျေးရွာများသည် စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း အမြောက်များစွာ ပြောင်းလဲသွားသည်ကို တွေ့ရပါသည်။

၃၊၃။ ထုတ်လုပ်မှုများ

နအဖ စစ်အစိုးရတို့သည် ပြည်သူတို့၏ လယ်ယာခြံမြေများကို သိမ်းဆည်းပြီး ခြံမှတဆင့် ရော်ဘာစေး၊ ရော်ဘာပင်၊ ကွမ်းသီး၊ ဝါးပင်စသည့် ခြံမှထွက်သော သဘာဝ သယံဇာတများကို တင်ပို့ရောင်းချပြီး အချို့တွင် နိုင်ငံခြားသို့ တင်ပို့ရောင်းချသည်။ လယ်မှထွက်သော စပါးများကိုလည်း စပါးဒိုင်သို့ တစ်ဇကလျှင် (၁၀) တင်း ဈေးနှုန်း (၁၂၀) ကျပ်အဖြင့် နအဖ စစ်အစိုးရအထံသို့ တင်သွင်းရပါသည်။ ပြည်သူလူထု တင်သွင်းထားသော စပါးဒိုင်များကို နိုင်ငံခြားသို့ ဈေးနှုန်းမြင့်မြင့်ဖြင့် စီးပွါးရေးလုပ်နေကြပါသည်။ ပြည်သူလူထုတို့သည် မိမိလုပ်၍ ရသမျှ ပစ္စည်းဥစ္စာများကို နအဖ စစ်အစိုးရအထံသို့ အလကားသက်သက် မျှဝေပေးနေရပါသည်။

၁၉၉၅ ခုနှစ် နောက်ပိုင်းတွင် လယ်ယာမြေအများအပြားကို သိမ်းနေသောကြောင့် ပြည်သူလူထုအတွက် တင်သွင်းနေကြစပါးများကို ပြန်သွင်းချင်သော်လည်း စိုက်ပျိုးဖို့အတွက် နေရာမရှိသောကြောင့် စပါးတင်သွင်းခြင်းကို ရပ်နားနေရသော လယ်သမားများလည်း ရှိပါသည်။ အချို့တွင် မသိမ်းဆည်းရသေးသော ကျန်ရှိနေသည့် လယ်ယာမြေများကို လျှော့ဈေးဖြင့် စပါးဒိုင်သွင်းခြင်း တစ်ဇကလျှင် (၅) တင်းနှုန်း တင်သွင်းရပါသည်။

စပါးဒိုင်မသွင်းလျှင် လယ်ယာမြေများကို သိမ်းဆည်းမည်ဟု နှိုးဆော်နေပါသည်။ အချို့သော လယ်ယာသမားများသည် နောက်ကျ၍ စပါးသွင်းမိလျှင် အပြစ်ဒဏ်အနေနဲ့ အချုပ်ထဲမှာ တစ်ည၊ နှစ်ည၊ အိပ်ရပါသည်။ စစ်အစိုးရတို့သည် ပြည်သူလူထုကို နည်းမျိုးစုံဖြင့် နှိပ်စက်နေပါသည်။

၃၄။ သဘာဝပတ်ဝန်းကျင်ထိခိုက်စေခြင်း

နအဖ စစ်အစိုးရတွေက ပြည်သူလူထု၏ လယ်ယာမြေခြံများကို သိမ်းဆည်းပြီး ခြံတွင်ရှိ သစ်ပင်၊ ရော်ဘာပင်၊ ဝါပင် စသည့်အပင်များကို ခုတ်ထွင်ဖျက်ဆီးပြီး ကျန်ရှိသော အကျွမ်းအကျန်များကို မီးရှိုးခြင်း၊ ခြံအနီရှိ စမ်းချောင်းတွင် ပစ်ချကာ စသည့်အမှိုက်များသည် ဆွေးမြေ့ပုပ်နံ့ပြီး သဘာဝအလျှောက် စီးဆင်းနေသော စမ်းချောင်းရေလည်း ပျက်ဆီးနိုင်ပါသည်။ ဒါအပြင် သစ်ပင်ကြီးများကို ခုတ်ခြင်းအားဖြင့် ရေထိန်းသိမ်းနိုင်သော စွမ်းအားလျှော့နည်းလာသောကြောင့် ရေရှားပါးမှု ပြဿနာများ ပေါ်ပေါက်လာပါသည်။ နအဖ စစ်အစိုးရတွေက သိမ်းဆည်းထားသော ခြံများထဲရှိ သစ်ပင်များကို စီးပွါးရေးအဖြစ် နိုင်ငံခြားသို့ တင်ပို့ရောင်းချနေသောကြောင့် သဘာဝပတ်ဝန်းကျင်သည် တနေ့ထက်တနေ့ ပိုမိုပျက်ဆီးလာပါသည်။ တောင်ကတုံးတွေ များလာသောကြောင့် ရာသီဥတု အခြေအနေသည် ပြောင်းလဲလာပြီး တောင်ယာစိုက်ပျိုးရေးအတွက် ဓါတ်မြေဩဇာတွေ အသုံးပြုလာပြီး သဘာဝမြေဩဇာများ ပျက်ဆီးခဲ့ပါသည်။ သဘာဝအလျှောက် မဟုတ်သော ရာသီဥတုကို အခြေခံပြီး အသက်ရှူမှီခိုနေရသောကြောင့် ကျန်မာရေး၊ စီးပွါးရေးကို ထိခိုက်စေပါသည်။

ထို့ကြောင့် အားလုံးသော ပြည်သူလူထုက သဘာဝပတ်ဝန်းကျင်ကို မှီခိုပြီး အသက်မွေးဝမ်းကျောင်း ပြုနေရသောကြောင့် စားဝတ်နေရေး အခက်ခဲများ ကြုံတွေ့ရပါသည်။ အများသောအားဖြင့် ဒေသခံပြည်သူများ ငတ်မွတ်ပြဿနာများ တစ်နေ့ထက်တစ်နေ့ နီးလာပါသည်။ ဒေသခံပြည်သူလူထုများ ငတ်မွတ်ပြီး သေခါနီးဆဲဆဲ အချိန်မှာ နအဖ စစ်ဗိုလ်ချုပ်တွေက စာနာမှုမရှိပဲ့ တကိုယ်ကောင်းစံပြီး ကိုယ့်စီးပွါးရေးကိုတာ ရပ်တည်ပြီး တပ်ရင်းကို အကြောင်းပြု၍ အုတ်ဖုတ်ကြသည်။ အုတ်ဖုတ်ခြင်းသည် ထင်းအမြောက်များစွာ သုံးပြုရပါသည်။ ထင်းရှိရန်အတွက် သစ်ပင်များကို ခုတ်ပြီး ထင်းလောင်စာအဖြစ် သဘာဝပတ်ဝန်းကျင်ကို ပျက်ဆီးနေဆဲပင် ဖြစ်သည်။

၃၅။ ဆိုးကျိုးရလဒ်များ

လယ်ယာမြေ အသိမ်းဆည်းခံရသော ဒေသခံ မွန်ပြည်သူများလာခြင်း၊ စီးပွားရေးပြဿနာ၊ အသက်မွေးဝမ်းကျောင်း ပြဿနာဆိုးကျိုးများ ကြုံတွေ့ရပါသည်။ စစ်တပ်မှ လယ်ယာမြေ အတင်းအဓမ္မ မတရားသိမ်းယူခဲ့သည့်အတွက် လယ်ယာမြေများ ရှာဖွေရရှိနိုင်မည့် မဟုတ်သောကြောင့် ရွှာနှင့်ဝေးသည့် နေရာများသို့ ရှားဖွေရသည့်အတွက် လုံခြုံရေးသည် အလွန်စိုးရိမ်လှပါသည်။ အနာဂတ်တွင် မိမိတို့၏ အသက်ရှင်ရေးအတွက် အခြားသော အလုပ်အကိုင် ရှာဖွေရန် မလွယ်ကူပေ။ အချို့တွင် ဘိုးဘွားပိုင် လယ်ယာမြေကို အမွေအနှစ်ဆက်ခံပြီး အသိမ်းခံခဲ့ရသည့်အတွက် အလုပ်လက်မဲ့ဘဝသို့ ရောက်ရသည့်အပြင် ယဉ်ကျေးမှု အမွေအနှစ်ပါ ချိုးဖောက်ပျက်ဆီးခံခဲ့ပါသည်။ ဒေသခံပြည်သူများ အလုပ်လက်မဲ့ များလာသောကြောင့် လူမှုကိစ္စအရပ်ရပ်လည်း ဟန်ချက်မညီကာ ကမောက်ကမ ဖြစ်သွားခဲ့ပြီး မိသားစု၏ ပညာရေး၊ ကျန်းမာရေး အခြားသော လူမှုရေးပြဿနာများ ဆုတ်ယုတ်သွားခဲ့သည်။ နောက်ဆုံးတွင် မြေမတရား အသိမ်းဆည်းခံခဲ့ရသော ဒေသခံပြည်သူများ၏ ဘဝရပ်တည်ရေးအတွက်၊ ထိုင်း၊ ဗမာနယ်စပ်နှင့် ထိုင်းနိုင်ငံသို့ တရားမဝင် အလုပ်သမားဖြင့် သွားရောက် ခိုလှုံနေရပါသည်။

၃၆။ တောရိုင်းတိရိစ္ဆာန်တို့၏ အခြေအနေ

နအဖ စစ်အစိုးရတို့က ပြည်သူပိုင် လယ်ယာမြေခြံများကို သိမ်းဆည်းပြီးနောက် ခြံတွင်းရှိ သဘာဝ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးသည့်အပြင် တောရိုင်းတိရိစ္ဆာန်များကိုလည်း ဘေးဒုက္ခအမျိုးမျိုးနှင့် ထိခိုက်စေပါသည်။ နအဖ လက်ချက်တွင် အဖျက်ဆီးခံခဲ့ရသော သဘာဝ ပတ်ဝန်းကျင်တွင်ရှိသော

တောရိုင်းတိရိစ္ဆာန်များသည် ခိုကိုးရာမဲ့ နေရာရောက်ရသည့်အပြင် အခြားသော တစ်နေရာသို့ ပြောင်းရွှေ့ရပါသည်။ အချို့တွင်လည်း ဘေးမကင်း၍ အသက်အန္တရာယ်ပါ ဆုံးရှုံးရပါသည်။ ဒါအပြင် မယဉ်ပါးသေးသော နေရာတွင် ပြောင်းရွှေ့ရသောကြောင်း ဘေးအန္တရာယ် အမျိုးမျိုးနှင့် ကြုံတွေ့ရပေလိမ့်မည်။ အခြားတဖက်ကို ကြည့်မယ်ဆိုလျှင် တောရိုင်းတိရိစ္ဆာန်တို့၏ အစားစာ၊ ရေ နှင့် အခြားသော ဝမ်းစာရေးပြဿနာများ ရှားပါးသောကြောင့် အခက်ခဲနှင့် ငတ်မွတ်ပြဿနာများ ကြုံတွေ့ရပါသည်။ သဘာဝအလျောက် ဖြစ်ပေါ်နေသော တောတောင်အလှနှင့် တိရိစ္ဆာန်တို့၏ ဘဝကို နအဖ စစ်အစိုးရတို့က ချိုးဖောက်ဖျက်ဆီးခဲ့ပါသည်။

၄။ ဘာအကောက်ခွန်ကြေးများ တရားမဝင်ပေးဆောင်နေရသလဲ

၄၊၁။ တရားမဝင်အခွန်ကောက်ခံခြင်းနှင့်ဆင်းရဲမွဲတေခြင်း။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နအဖ စစ်အစိုးရတို့က အနယ်နယ်အရပ်ရပ်ရှိ အချို့သောရွာများကို မြို့နယ်ခွဲအဖြစ် အသိမှတ်ပြုကြပါသည်။ ဤအချက်အလက်ကို ခြေခံပြီး ရွာဖွံ့ဖြိုးရေးအတွက်၊ မြို့နယ်ဖွံ့ဖြိုးရေးအတွက် ဆိုကာ ဒေသခံရှိ ပြည်သူလူထုအထံမှ လမ်းပြင်ကြေး၊ တံတားပြင်ကြေး၊ ပေါ်တာကြေး၊ လုံခြုံရေးကြေး၊ လုပ်အားပေးရေးကြေး၊ ရွာဝင်ရွာထွက်ကြေး၊ မီးရထားလမ်း ကင်းစောင့်ကြေး၊ gas pipline စောင့်ကြေး စသည့် အကောက်ခွန်ကြေး အမျိုးမျိုးဖြင့် ပြည်သူလူထုအထံမှ တရားမဝင်ကြေးများကို သူတောင်းစားကဲ့သို့ တောင်းစားနေကြပါသည်။ တောင်းခံ၍ ရရှိသော အကောက်အခွန်ကြေးများကို စစ်အစိုးရ၏ အာဏာပိုင် အိတ်ထဲသို့သာ ရောက်ရှိသွားပြီး မြေပဲယို ကတ္တရားလမ်းခင်းနှင့် မဖွံ့ဖြိုးသောရွာများသည် ပြောင်းလဲမှုမရှိပဲ ပုံမှန်ဖြစ်နေဆဲပင် ဖြစ်သည်။ ပြည်သူလူထုများ ငွေကြေးအကျပ်တည်းခြင်းဟူသည့် အတိဒုက္ခ ရလာဒ်များကိုသာ ခံစားနေရပါသည်။ နအဖ အာဏာပိုင်တို့ ကြွေးကြော် လှုံ့ဆော်နေသော ကျေးလက်ဒေသများ၌ ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုစီမံကိန်းကို အကောင်အထည် မဖော်နိုင်သည့်အပြင် ကျေးလက်ဒေသရှိ ရွာသူရွာသားများအထံမှ ပရိယာယ်သုံးပြီး ရွာသူရွာသားများထံမှ အဆမတန် အခွန်ကောက်ခြင်းကို ဆက်လက်အကောင်အထည်ဖော်နေဆဲပင် ဖြစ်ပါသည်။

၄၊၂။ စားဝတ်နေရေးအခြေအနေ

လယ်ယာမြေ အသိမ်းဆည်းခံခဲ့ရသော ဒေသခံရှိ ပြည်သူလူထုများသည် ပြန်လည်စိုက်ပျိုးဖို့ နေရာမရှိသည့်အပြင် အကောက်ခွန်ကြေး အမျိုးမျိုး ပေးဆောင်နေရသောကြောင့် စားဝတ်နေရေး ပြဿနာများ ကြုံတွေ့နေရပါသည်။ မိမိအမှီသဟဲပြုနေသော သဘာဝစီးပွါးရေးကို ပျက်သုန်းခံခဲ့ရသောကြောင့် အသက်မွေးဝမ်းကျောင်း လမ်းပိတ်ကာ ငတ်မွတ်မှု ပြဿနာနှင့် ဘဝနာကျင်မှုကို ခံစားနေရပါသည်။

၄၊၃။ ယာဉ်ကျေးမှုပြောက်ကွယ်ခြင်း

မွန်လူမျိုးများ၏ ယဉ်ကျေးမှုများသည် ဘိုးဘွား အစဉ်ဆက်ကတည်းက အမွေအနှစ်များကို မပျောက်အောင် ကောင်းကောင်းမွန်မွန် ထိန်းသိမ်းလာခြင်းဖြစ်သည်။ ထိုသို့မွန်လူမျိုးများ ထိန်းသိမ်းလာသော အမွေအနှစ် ယဉ်ကျေးမှုများကို နအဖ က ၎င်းယဉ်ကျေးမှုကို ပပျောက်အောင် နည်းဗျူဟာမျိုးမျိုးဖြင့် ချမှတ်လုပ်ဆောင်နေကြသည်။ မွန်လူမျိုးများသည် မွန်ခေတ်ဟောင်း ရာဇဝင်စာပေနှင့် ကျောက်စာ၊ မှင်စာ၊ ပေစာ အစရှိသော စာပေများကို မပျောက်ကွယ်ရန် ပုံနှိပ်အသစ် ပြန်ရိုက်နှိပ်မည်ဟု ကြိုးစား လုပ်ဆောင်နေသော်လည်း နအဖ က ၎င်းစာပေကို ပြန်လည်ပုံနှိပ်ထုတ်ရန် ပိတ်ပင်ခဲ့သည်။ ထိုသို့သာမက မွန်လူမျိုးများ၏ ရှေးခေတ်ရိုးရာအတီး၊ အမှုတ်၊ အဆို၊ အက အစရှိသော မွန်ရိုးရာအကများကို ပြန်လည်ဖော်ထုတ်နိုင်ရန် ယခုခေတ် မွန်လူငယ်များကို VCD ရိုက်ဖို့လုပ်ဆောင်နေသော်လည်း နအဖ အခွင့်မပေးပဲ ပိတ်ပင်ခဲ့သည်။ ရှေးခေတ်သီချင်းများကို ဖော်ထုတ်နိုင်အောင် မွန်သီချင်းရေးဆရာများက ရေးသော်လည်း နအဖ က ဖမ်းဆီးပိတ်ပင် ဖေါ်ထုတ်ခွင့်မပေးခဲ့ပေ။ ယခုလက်ရှိ အခြေအနေများမှာလည်း မော်လမြိုင်တက္ကသိုလ်မှာ ရှိသည့် မွန်လူမျိုး တက္ကသိုလ်ကျောင်းသူကျောင်းသားများသည် မွန်ရိုးရာယဉ်ကျေးမှု အဝတ်အစားကို ဝတ်ချင်စိတ်ရှိပါသော်လည်း

ပညာရေးဝန်ကြီးက တိုင်းရင်းသားဝတ်စုံ မဝတ်ရဟု အမိန့်ထုတ်ထားသည်။ ထိုနည်းတူစွာပင် မွန်ပြည်နယ်မှာရှိသည့် လူမျိုးများသည် ကိုယ့်လူမျိုးဝတ်စုံကို မဝတ်ရဟု နအဖ က ပိတ်ပင်ခဲ့သည်။ ဤသို့လည်း မွန်ပြည်နယ်သည် မွန်အမျိုးသားနေ့ လုပ်ဆောင်ရန် နအဖ က ခွင့်မပေးပဲ အတင်းအကျပ် ပိတ်ပင်ခဲ့သည်။ သို့သော်လည်း မွန်လူမျိုးများသည် လုံခြုံသောနေရာ မွန်ပြည်သစ်ပါတီ ထိန်းချုပ်သောနေရာများတွင်တင်းတင်းကျယ်ကျယ် နှစ်တိုင်းကျင်းပလေ့ရှိသည်။ နှစ်တိုင်း ကျင်းပခဲ့သော်လည်း ပစ္စည်းဥစ္စာ ငွေ (fund) လုံလုံလောက်လောက် မရှိခဲ့ပေ။ ထိုသို့ဖြစ်ရခြင်း အကြောင်းရင်းမှာ မွန်ပြည်သူလူထုများ ပိုင်ဆိုင်ထားသော လယ်မြေခြံများ အသီးနှံပင်များကို နအဖ အတင်းအဓမ္မ သိမ်းဆည်းပြီး မွန်ပြည်သူလူထုများဝင်ငွေ သန်းပေါင်းများစွာ ဆုံးရှုံးသွားသောကြောင့်ဖြစ်သည်။ ဤသို့ဖြစ်ခြင်းအားဖြင့် မွန်အမျိုးသားနေ့ ကြီးကြီးကျယ်ကျယ် လုပ်ဆောင်မနိုင်ခဲ့ပေ။ အချို့သော နှစ်ပတ်လည် ဘုရားပွဲတော်များကို ဝင်ငွေ ရန်ပုံငွေ(fund) မရှိသည့်အတွက် ပွဲသဘင်ကျင်းပဖို့အတွက် ရပ်ဆိုင်းသွားရသည်။

၅။ နိဂုံး

အထက်တွင် ဖော်ပြထားသော အချက်အလက်များကို မွန်ပြည်နယ်သည် မည်သည့်ဒေသ မြို့နယ်မဆို နအ ဖ စစ်အစိုးရ တပ်မြေတိုးချဲ့မှု တိုးလာသည်နှင့် တပြိုင်နက် ဒေသခံပြည်သူများ အလွန်ကြောက်လန့်နေသော ပြဿနာများနှင့် ခံစားနေရပါသည်။

၁၉၉၈ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ မွန်ပြည်နယ်ရှိဒေသခံ ပြည်သူများ ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့နေရပါသည်။ အဘယ်ကြောင့်ဆိုသော် ယွန္တအချိန်အထိ လယ်ယာမြေများကို ဆက်လက် သိမ်းဆည်းနေဆဲပင်ဖြစ်သည်။ မွန်ပြည်နယ်ရှိ ဒေသခံ ပြည်သူလူထုများသည် သန်းနှင့်ချီသည့် စိုက်ခင်း၊ ခြံ၊ လယ်ယာမြေ၊ မြေကွက်လပ် ဆုံးရှုံးခဲ့သည့်အပြင် ဒေသခံ ပြည်သူများကိုလည်း အတင်းအဓမ္မ လုပ်ခိုင်းစေခြင်း၊ အမျိုးသမီးများကို မုဒိမ်းကျင့်မှု စသောလူအခွင့်အရေး ချိုးဖောက်မှုများ တိုးပွားလာပါသည်။ အသိမ်းဆည်းခံခဲ့ရသော တချို့ပြည်သူများလည်း အလုပ်မဲ့အကိုင်မဲ့ဖြစ်ပြီး ထိုင်းနိုင်ငံသို့ ထွက်ပြေးလာကာ တရားမဝင် အလုပ်သမားအဖြစ် ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေကြပါသည်။

ဤထက်သာမက စစ်အစိုးရမှ ချမှတ်ထားသည့် မွန်လူမျိုး ပျောက်ရေး လူမျိုးသွေးနှောရေး လမ်းစဉ်ကိုလည်း ဆက်လက်၍ အကောင်အထည် ဖော်ပြနေခဲ့ပါသည်။ လောလောဆယ် အခြေအနေကို ကြည့်ခြင်းအားဖြင့် မွန်ပြည်သစ်ပါတီ အမျိုးသားကျောင်းနှင့် မွန်စာပေ သင်ကြားနေသည့် မည်သည့်နေရာ ဒေသမဆို အနှောင့်ယှက်ပြု ခြိမ်းခြောက်ပြီး နအဖ ဆရာမအဖြစ် ပြန်လည်စာသင်ရန် ကြိုဆိုနေကြောင့်နှင့် မွန်အမျိုးသမီးများကို နအဖ စစ်သားက လူမျိုးသွေးနှော၊ လူမျိုးတုန်းသည့် နည်းဗျူဟာလမ်းစဉ်ကို ကျင့်သုံးနေပါသည်။ ဤအချက်အလက်ကို ကြည့်ခြင်းအားဖြင့် မွန်လူမျိုးတွေအတွက် အလွန်ပင် အရေးကြီးလှပါသည်။ အားလုံးကို ခြုံငုံပြီး ကြည့်မည်ဆိုလျှင် မွန်ဒေသနေပြည်သူများ၏ မြေယာ၊ ဓနဥစ္စာပစ္စည်းနှင့် လူမျိုးဖိနှိပ်ရေးစသည့် နအဖ တို့က လျှော်ကြေးမဲ့ ညှင်းပန်းနှိပ်စက်ကာ ဆင်းရဲသား လယ်ယာမြေ ခြံသမားများသည် အလွန်ပင် နာကျင်ဖွယ်ကောင်းသော ဘဝနာကျင်မှုကို ခံစားနေရချိန်တွင် လူမဆန်သော နအဖ မိသားစုများက မြန်မာနိုင်ငံပေါ်တွင် အာဏာရှူး ကျင့်စဉ်နည်းလမ်းများ ကျင့်နေကြပါသည်။ အခြားတဖက်ကို ကြည့်မယ်ဆိုလျှင် လယ်ယာမြေများ သိမ်းဆည်းခြင်းသည် ပြည်သူလူထု၏ စီးပွါးရေးကို ထိခိုက်စေပြီး နိုင်ငံရေးလှုပ်ရှားမှုအပိုင်းတွင် လျှော့နည်းလာကာ မိမိစီးပွါးရေးကိုသာ အာရုံပြောင်းလာလိမ့်မည်။ ယွန္တလို တပ်မြေများ တိုးချဲ့နေသောကြောင့် မွန်ပြည်သစ်ပါတီ၏ ပိုင်နက်နယ်မြေကို နေရာယူနေကြောင်း ပေါ်လွန်ထင်ရှားနေပါသည်။

၆။ အကြံပြုချက်

ယ္ခုလက်ရှိ စစ်အစိုးရတို့၏ လုပ်ရပ်များကို လက်တို့ပြန်ရန်အတွက် ပြည်တွင်း၌ မည်သို့မျှမတို့ပြန်နိုင်ပါ။ ထို့ကြောင့် မွန်တိုင်းရင်းသားများ အပါအဝင် အခြားသော တိုင်းရင်းသားများနှင့် တက်ညီလက်ညီ အတူအက္ခ အနာဂတ် စည်းလုံးညီညွတ်ရေးကို အခြေခံပြီး ဆွေးနွေးတိုင်ပင် ရရှိလာသော အချက်အလက်များကို ကမ္ဘာ့အဖွဲ့အစည်း အသီးသီးသို့ တင်ပြအကူညီတောင်း ဖိအားပေးနိုင်မယ်ဆိုလျှင် နှ အ ဖ လုပ်ရပ်တွေကို မကုန်ဆုံးနိုင်သော်ငှားလည်း အနည်းငယ် လျှော့သွားနိုင်မည်ဟု ယုံကြည်အပ်ပါသည်။

လယ်ယာမြေသိမ်းဆည်းခြင်း၏အဖြစ်အပျက်

အဖြစ်အပျက် (၁)

၁။ ၂၀၀၅ ခုနှစ်ကာလအတွင်း စစ်တပ်မှနယ်မြေတိုးချဲ့ခြင်း နှင့်လယ်ယာခြံများကို သိမ်းယူးခြင်း။

သိမ်းယူသည့်အဖွဲ့အစည်း ။ ။ အ မ တ (၃၁၇)
သိမ်းယူသည့်မြေနေရာ ။ ။ မွန်ပြည်နယ် ရေးမြို့နယ် မြောက်ပိုင်းရှိ လမိုင်းမြို့
တည်နေရာမြေပုံ ။ ။ ရေးမြို့နယ်မြေပုံ
ညွှန်းပမ်းနှိပ်စက်ပုံ ။ ။ အတင်းအဓမ္မလက်မှတ်ထိုးခိုင်းခြင်း

၂၀၀၅ ခုနှစ်ကာလတွင်း မွန်ဒေသများ၌ နအဖ စစ်တပ်များသည် ၎င်းတို့၏ နယ်မြေတပ်ရင်းတိုးချဲ့တည်ဆောက်ရေးအတွက် ရေးမြို့နယ်မြောက်ပိုင်းနေ မွန်ပြည်သူ ပြည်သားများ ပိုင်ဆိုင်သော မြေဧက ၄၅၃ ဧကကို သိမ်းယူခဲ့သည်။

၂၀၀၅ ခုနှစ် မေလ ၁၃ ရက်နေ့တွင် တပ်ရင်းအသစ်တစ်ခု တည်ဆောက်ရန်အတွက် တပ်ရင်းအမှတ် အမတ (၃၁၇) မှ ရေးမြို့နယ်မြောက်ပိုင်းနေ နိုင်လူ နှင့် မိပဲတို့ ပိုင်ဆိုင်သော သီဟိုရ်ခြံ ဧက ၅၀ ကို လျှော်ကြေး ၅၀၀ ကျပ် ဈေးနှုန်းဖြင့် မယူမနေရစနစ်နှင့် လက်မှတ်ထိုးပြီး လျှော်ကြေးငွေ ၅၀၀ ကျပ်ကို လက်ခံခဲ့ရပါသည်။ ဒုဗိုလ်မှူးကြီး ဘသန်းက လက်မှတ်ထိုးပြီး လျှော်ကြေးငွေကို ထုတ်ပေးခဲ့ပါသည်။ အသိမ်းဆည်းခံခဲ့ရသော ခြံပိုင်ရှင်သည် ဝင်ငွေလျော့နည်းပြီး မိသားစုစားဝတ်နေရေးအတွက် ဆိုးရွားစွာ အကြပ်အတည်းဖြစ်လာသည်။ နောက်ထပ် ပြန်လည်စိုက်ပျိုးဖို့ နေရာလည်းမရှိတော့ပေ။ ခြံပိုင်ရှင်သည် မိမိခြံဆုံးရှုံးခဲ့ရခြင်းကြောင့် နအဖ အပေါ် ကျေနပ်မှုမရှိသော်လည်း ဘယ်နည်းမှ ပြန်လည်မတုန့်ပြန်နိုင်ခဲ့ပါ။

အဖြစ်အပျက် (၂)

၂၀၀၅ ခုနှစ် အမြောပ်တပ်တည်ဆောက်ရန်အတွက် မြေယာသိမ်းယူခြင်း။

သိမ်းယူသည်အဖွဲ့အစည်း ။ ။ အ မ တ (၃၁၇)
သိမ်းယူည့်မြေနေရာ ။ ။ မွန်ပြည်နယ် ရေးမြို့နယ် မြောက်ပိုင်း လမိုင်းမြို့
ညွှန်းပမ်းနှိပ်စက်ခဲ့ပုံ ။ ။ အတင်းအဓမ္မ လက်မှတ်ထိုးခိုင်းခြင်း။
တည်နေရာ ။ ။ ရေးမြို့နယ်မြေပုံ

၂၀၀၅ ခုနှစ်မေလ ၁၃ ရက်နေ့တွင် ဗမာစစ်တပ်တို့က အ မ တ တည်ဆောက်ရန် အ မ တ (၃၁၇) က မြေယာများကို သိမ်းဆည်းခဲ့ပါသည်။ အသိမ်းဆည်းခံခဲ့ရသော နိုင်ဝါန် နှင့် မိပရဲ တို့ပိုင်ဆိုင်သော ရော်ဘာခြံ (၈) ဧကကို တစ်ဧကလျှင် (၆၀) ကျပ် စုစုပေါင်းလျှော်ကြေးငွေ (၄၈၀)ကျပ်ဖြင့် အတင်းပေးပြီး လက်ခံခဲ့ရပါသည်။ အသိမ်းဆည်းခံခဲ့ရသော ခြံပိုင်ရှင်သည် အလုပ်လက်မဲ့ဖြစ်ကာ မိသားစု စားဝတ်နေရေး မပြေမလည် ဖြစ်လာပါသည်။

သိမ်းဆည်းခံခဲ့ရသော နိုင်ဝါန်ကို မေးမြန်းခြင်းအားဖြင့် စီးပွားရေးပြဿနာများ ပေါ်ပေါက်လာကြောင်း ဖြေဆိုခဲ့ပါသည်။ တခြားနိုင်ငံကိုသွားရန် အရင်းအနှီးငွေမရှိကြောင့် အခက်ခဲများနှင့် ကြုံတွေ့နေရပါသည်။ အခုလိုလယ်ယာမြေခြံ အသိမ်းဆည်းခံရသော အခြေအနေကိုကြည့်ပြီး မည်သူမှ အရင်းအနှီးငွေ ထုတ်ပေးရန် အခြေအနေမရှိသောကြောင်း အခက်ခဲများစွာ အသက်မွေးဝမ်းကျောင်း ပြဿနာ ကြုံတွေ့နေရပါသည်။

အဖြစ်အပျက် (၃)

၂၀၀၅ ခုနှစ်ကာလတွင် အမြောက်တပ် စခန်းချရန် လယ်ယာမြေခြံကို သိမ်းယူခြင်း

သိမ်းယူသည့်အဖွဲ့အစည်း ။ ။အ မ တ (၃၁၇)

သိမ်းယူသည့်မြေနေရာ ။ ။မွန်ပြည်နယ် ရေးမြို့နယ်မြောက်ပိုင်း မော့ကနင် ရွာသစ်ကျေးရွာ

ညွှန်ပြမှုနှိပ်စက်ခံခဲ့ပုံ ။ ။အတင်းလက်မှတ်ထိုးခိုင်းခြင်း

တည်နေရာမြေပုံ ။ ။ရေးမြို့နယ်မြေပုံ

၂၀၀၅ခုနှစ် မေလတွင် အ မ တ (၃၁၇)သည် အမြောက်တပ် တည်ဆောက်ရေးအတွက် ရေးမြို့နယ်မြောက်ပိုင်း မော့ကနင်ရွာသစ်ကျေးရွာနေ လယ်ယာမြေခြံ (၂၀) ဦး ပိုင်ဆိုင်သော လယ်မြေဧက (၂၀၀) ကျော်ကို သိမ်းယူခဲ့ပါသည်။ ဖော်ထုတ်နိုင်သော လယ်သမားနှင့် ခြံပိုင်ရှင် (၅) တို့မှာ နိုင်ချဉ်း နှင့် မိကွမ်းဂီး၊ နိုင်စံငြိမ်း နှင့် မိရှိန်း၊ နိုင်မင်း နှင့် မိ□ကွယ်၊ နိုင်လှိုင် နှင့် မိငြိမ်းအေး၊ နိုင်သွေး နှင့် မိခင်စိန် တို့ဖြစ်ကြသည်။ အသိမ်းဆည်းခံရသောမြေများမှာ လယ်ယာမြေ၊ ရော်ဘာခြံနှင့် ကွမ်းသီးများဖြစ်ကြသည်။ အဆုံးရှုံးခံခဲ့ရသော လယ်ယာမြေခြံ စုစုပေါင်း ခန့်မှန်းခြေ တန်းဖိုး (၁၅) သန်းခန့်ရှိသည်။ မိမိပိုင်ခြံယာမြေများ အဆုံးရှုံးခံခဲ့ရသောကြောင့် အခက်ခဲပြဿနာ အမျိုးမျိုးနှင့် ကြုံတွေ့နေရပါသည်။ အချို့လယ်ပိုင်ရှင်များသည် နိုင်ငံခြားသို့ တရားမဝင်အလုပ်သမားအဖြင့် သွားရောက်လုပ်ကိုင်ခြင်း နေ့စားလုပ်ငန်း လုပ်ကိုင်ခြင်း အလုပ်လက်မဲ့များလည်းရှိပါသည်။ အချို့သောလယ်ပိုင်ရှင်များသည် လျှောက်ကြေးရလို့ရငြား ရွာလူကြီးများဆီသို့ တိုင်ကြားသင်လည်း ရွာလူကြီးများကိုယ်တိုင်က အထက်အရာရှိများကို တိုင်တန်သည့်အရေးမှာ အလွန်ပင်ကြောက်ရွံ့လျက်ရှိပြီး မတိုင်ကြားဝံ့ပဲ ဖြစ်နေခဲ့ပါသည်။

အဖြစ်အပျက် (၄)

"စီးပွားရေးအတွက် လယ်ယာမြေသိမ်းဆည်းခြင်း"

သိမ်းယူထားသည့်အဖွဲ့အစည်း ။ ။ ခ လ ရ (၆၁)

သိမ်းယူသည့်မြေနေရာ ။ ။ မွန်ပြည်နယ် ရေးမြို့နယ်ရှိ ကျောင်းရွာကျေးရွာ

ညွှန်ပြမှုနှိပ်စက်ပုံ ။ ။ အတင်းအဓမ္မလက်မှတ်ထိုးခိုင်းစေခြင်း

၂၀၀၅ မတိုင်ခင်က သိမ်းဆည်းရန် ယာထားသော လယ်ယာမြေများကို ၂၀၀၅ ခုနှစ်တွင် ပြန်လည်သိမ်းဆည်းပြီး တစ်ဧကလျှင် လျှော်ကြေငွေ တစ်ထောင်ကျပ် မယူမနေရ ခြိမ်းခြောက်ပြီး အတင်းလက်မှတ်ထိုးခဲ့ရပါသည်။ လယ်ယာမြေ လျှော်ကြေးငွေကို သွားယူရသည့် စရိတ်က မိမိရရှိသည့် လျှော်ကြေးငွေထက်မက ကုန်ကျစရိတ်က များလွန်းလှပါသည်။ ဘာမှအကျိုးခံစားခွင့်မရရှိသည့်အပြင် အချိန်ကုန်လူပင်ပန်း ငွေကုန်သာအဖတ်တင်ခဲ့ပါသည်။ ခြံပိုင်ရှင်နှင့် သဘောတူ အတင်းအဓမ္မ ထိုးခိုင်းသော လက်မှတ်ရရှိပြီးနောက် လယ်ယာမြေများကို စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းအတွက် နအဖစစ်ဗိုလ်ချုပ်များက ပြန်လည်ရောင်းချလျှက် ရှိပါသည်။

မုဒိမ်းကျင့်မှုအဖြစ်အပျက်

အဖြစ်အပျက် (၁)

အမည် ။ ။မိကေတင်

အသက် ။ ။ ၁၄ နှစ်

လူမျိုး ။ ။ မွန်လူမျိုး

အိမ်ထောင် ။ ။ မရှိ

ဘာသာ ။ ။ ဗုဒ္ဓဘာသာ

အလုပ်အကိုင် ။ ။ ခြံအလုပ်

နေရပ် ။ ။ ရေးမြို့နယ်တောင်ပိုင်း ဟံဂံကျေးရွာ

အခင်းဖြစ်အချိန်။ ။ ၂၀၀၅ ခုနှစ် ဇွန်လ (၇) ရက်နေ့

နအဖတပ် ။ ။ ခ မ ရ (၅၈၇) မှ ရဲဘော် ရန်နောင်

၂၀၀၅ ခုနှစ် ဇွန်လ (၇) ရက်နေ့တွင် ရေးမြို့နယ်တောင်ပိုင်း တိုးတက်ရွာသစ် အရှေ့ဘက်ရှိ ခြံတစ်ခြံထဲတွင် မိကေတင် ခြံတဲတွင်ရှိနေပါသည်။ မိဘများက ခြံအနီးတဝိုက်တွင် အလုပ်လုပ်နေပါသည်။ ရဲဘော်ရန်နောင်က မိကေတင်တို့ခြံထဲတွင် ဝင်လာပြီး မိကေတင်ကို မုဒိမ်းကျင့်ခဲ့သည်။ မိကေတင်မိဘက ပြန်ရောက်လာသောအခါ အကြောင်းအရာ အဖြစ်အပျက်အားလုံးကို ပြောပြခဲ့ပါသည်။ မိကေတင်မိဘများက မကျေနပ်မှု၊ ဝမ်းနည်းမှုများစွာဖြင့် ယူကျုံးမရ ဖြစ်ရလေပါသည်။ ယင်းကိစ္စကို မိကေတင်မိဘက ဟံဂံကျေးရွာ လူကြီးအား တိုင်ကြားပါသော်လည်း မည်သို့မျှ အရေးယူဆောင်ရွက်နိုင်ခြင်း မရှိပေ။

အဖြစ်အပျက် (၂)

အမည် ။ ။ မိမြင့်အေး

အသက် ။ ။ ၁၇

လူမျိုး ။ ။ မွန်လူမျိုး

အိမ်ထောင် ။ ။ မရှိ

ဘာသာ ။ ။ ဗုဒ္ဓဘာသာ

နေရပ် ။ ။ သံဖြူဇရပ်မြို့နယ် တိုးတက်ရွာသစ် ကျေးရွာ

အခင်းဖြစ်အချိန်။ ။ ၂၀၀၅ ခုနှစ် ဇွန်လ ၁၄ ရက်နေ့

နအဖတပ် ။ ။ ခ လ ရ (၃၁ သို့မဟုတ် ၆၁)

၂၀၀၅ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် သံဖြူဇရပ် မြို့နယ်ရှိ ကားလမ်းမ ကင်းတဲ စခန်းတစ်ခုတွင် ကင်းစောင့်နေရသော တိုးတက်ရွာသစ်မှ မိမြင့်အေးသည် ထိုဒေသရှိ လှုပ်ရှားနေသော ခလရ (၃၁ သို့ ၆၁) တပ်ဖွဲ့မှ အမည်မသိရဲဘော်တစ်ဦးက လာရောက်ဆွဲခေါ်သွားပြီး မုဒိမ်းကျင့်ခဲ့ပါသည်။ ဤအဖြစ်အပျက်ကို တိုင်ကြားချင်ဘာသော်လည်း ရဲဘော်၏ နာမည်ကိုမသိကြောင်း အငြိမ်းခံခဲ့ရသည်။